# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇူလိုင် ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၉၀)

## (၁၇)ကိုမ်ပြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

### ဦးတည်ချက်

(၁) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်း စောင့်ရှောက်ရေး။

(၂) တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

(၃) တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

(၄) အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုးထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

### နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

## စံ (၅) ချက်နှင့် ပြည့်စုံသော စာကြည့်တိုက်များ ဖြစ်ပေါ်ရေး ကွင်းဆင်းဆောင်ရွက်

*နေပြည်တော် ဇူလိုင် ၂၁*

*နေပြည်တော်ခရိုင်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲ၍ စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူ့အကျိုးပြု စာကြည့်တိုက်များ ဖြစ်ပေါ်လာစေရေးနှင့် စံ(၅)ချက်နှင့် ညီညွတ်သော စာကြည့်တိုက်များ ဖြစ်ပေါ်လာစေရေးအတွက် ဇူလိုင် ၁၀ ရက်က ဇီးကုန်းကျေးရွာ ရောင်ခြည်ဦးစာကြည့်တိုက်တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးဖေနှင့် မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးခိုင် ဦးဆောင်သောအဖွဲ့က စာကြည့်တိုက်လုပ်ငန်းများနှင့် စာငှားကတ်စနစ်ကျင့်သုံးရေး လုပ်ငန်းများကို လက်တွေ့ကွင်းဆင်း ဆောင်ရွက်ပေးခဲ့သည်။* (ခရိုင် ပြန်/ဆက်)

## တနင်္သာရီတိုင်းအတွင်း လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာစေမည့် ထားဝယ် - မြိတ်ရထားလမ်း ဖောက်လုပ်နေပြီ

ထားဝယ်-မြိတ်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ သမုတ်-ဘုတ်ခြိလမ်းပိုင်း၌ စက်ယန္တရားကြီးများဖြင့် ဤသို့ မြေကြီးလုပ်ငန်း ဆောင်ရွက်နေသည်။
ဓာတ်ပုံမှတ်တမ်း - သန်းဦး (သတင်းစဉ်)

သတင်းဆောင်းပါး
တင်ထွေး (သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း
သန်းဦး (သတင်းစဉ်)
စာမျက်နှာဖွဲ့စည်းမှု
ဝင်းချို (မြန်မာ့အလင်း)

**ရန်ကုန် ဇူလိုင် ၂၁**

မြန်မာနိုင်ငံတောင်ဘက်စွန်းရှိ တနင်္သာရီတိုင်းသည် ကျန်ပြည်နယ်နှင့်တိုင်းများသို့ ကူးလူးဆက်သွယ်သွားလာရာတွင် လေယာဉ်၊ သင်္ဘော၊ မော်တော်ယာဉ်သုံးမျိုးလုံးဖြင့် ဆက်သွယ်သွားလာနိုင်သော ဒေသတစ်ခုဖြစ်သည်။ တနင်္သာရီတိုင်းအတွင်းရှိ အထင်ကရမြို့ကြီးများဖြစ်သော ကော့သောင်း၊ မြိတ်၊ ထားဝယ်မြို့များ အချင်းချင်းဆက်သွယ်ရာတွင်လည်း ထိုနည်းတူပင် ဖြစ်သည်။

မြန်မာ့လေကြောင်း၊ အဲပုဂံလေကြောင်းနှင့် ရန်ကုန်အဲဝေးလေကြောင်းလိုင်းများသည် ရန်ကုန်မြို့မှ တနင်္သာရီတိုင်းအတွင်းရှိ ထားဝယ်၊ မြိတ်၊ ကော့သောင်းမြို့များသို့ ကျွန်းပတ်ခရီးစဉ်များ ပျံသန်းပြေးဆွဲပေးလျက်ရှိရာ တိုင်းအတွင်း တစ်မြို့နှင့်တစ်မြို့ ဆက်သွယ်ရေးမှာ လေကြောင်းခရီးက အလျင်မြန်ဆုံး အနေအထားတွင် ရှိပါသည်။ *စာမျက်နှာ ၇ ကော်လံ ၁ ✻*

# အယ်ဒီတာ့အာဘော်

(၂၀၀၉ ခုနှစ် ဇူလိုင် ၂၂ ရက်)

## ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်း အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး တိုးမြှင့်ဖော်ဆောင်

၂၀၀၉ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယကများပါဝင်သော ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင်လ ၂၀ရက်နေ့က ကျင်းပခဲ့သည်။

ယခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို (၁)အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ (၂)တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး၊ (၃)တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေးနှင့် (၄)အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များပေါ်ထွန်းရေး စသည့် ဦးတည်ချက် (၄)ရပ်နှင့်အညီ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ၁၉၉၃ခုနှစ်မှစ၍ နှစ်စဉ်မပျက် ကျင်းပလာခဲ့သည်မှာ (၁၆)ကြိမ်တိုင်ခဲ့ပြီ ဖြစ်ကာ အကျိုးရလဒ်ကောင်းများလည်း ရရှိခဲ့သည်။

ယဉ်ကျေးမှုဆိုသည့်အဓိပ္ပာယ်တွင် လူသားမျိုးနွယ်တစ်ခု၏ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ လူသားစွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုနှင့် အဆိုပါဖွံ့ဖြိုးတိုးတက်မှုများရရှိရန် လေ့ကျင့်ပျိုးထောင်မှုတို့လည်း အပါအဝင်ဖြစ်သည်။ ဓလေ့ထုံးစံများ၏ အဆုံးအမအောက်တွင် ကိုယ်၊ နှုတ်၊ နှလုံးယဉ်ကျေးသိမ်မွေ့ခြင်း၊ သိမ်မွေ့နက်နဲသော ယဉ်ကျေးမှုအနုပညာများကို ခံစားနားလည်ဖန်တီးနိုင်စွမ်းရှိခြင်း၊ ယင်းသို့သော အမွေကောင်းများကို တန်ဖိုးထားမြတ်နိုးပြီး ပိုးမွေးသကဲ့သို့မွေးမြူ၍ အရှည်တည်တံ့ရန် ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့သည် ယဉ်ကျေးမှု၏ အနှစ်သာရများပင်ဖြစ်သည်။

ယနေ့ကမ္ဘာ၌ သိပ္ပံနှင့်နည်းပညာထွန်းကားမှု အရှိန်အဟုန်မြင့်မားလာသည်နှင့်အမျှ ယဉ်ကျေးမှုထိုးဖောက်လွှမ်းမိုးမှုများသည်လည်း အတိုင်းအဆမရှိ ဖြစ်ပေါ်လာခဲ့သည်။ ပြည်ပယဉ်ကျေးမှုများ လွှမ်းမိုးလာခဲ့ပါက မျိုးရိုးလက္ခဏာများလည်း တစ်စတစ်စ ပျောက်ကွယ်သွားမည် ဖြစ်ပြီး တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တသည်လည်း ပျက်ယွင်းသွားနိုင်ပေသည်။

တီထွင်ဆန်းသစ်မှုသည် ခေတ်ပေါ်နည်းပညာများနှင့် တူရိယာများကိုအသုံးပြုပြီး ရိုးရာယဉ်ကျေးမှု ပိုမိုခမ်းနားထည်ဝါရန် ဆောင်ရွက်ခြင်း ဖြစ်သည်။

သို့ဖြစ်ပေရာ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်ရန် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုသည့် လူမှုရေးဦးတည်ချက်နှင့်အညီ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် (၁၇)ကြိမ်မြောက်သို့တိုင် ရောက်ရှိလာခဲ့ပြီဖြစ်ရာ တိုင်းရင်းသားပြည်သူများ၏ ရိုးရာယဉ်ကျေးမှု အနုပညာရပ်အပေါ် အလေးထားအားပေးမှုများ၏ အောင်မြင်မှုရလဒ်များပင် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၇-၂၀၀၉ (ဗုဒ္ဓဟူးနေ့ )

**နံနက်ပိုင်း**

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော် + ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ငရဲမီးစားခံနိုင်မှ ရွှေစစ်မှန်** တရားတော်(ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
- ၆:၄၅ ယဉ်ကျေးမှုအနုလက်ရာစုံစွာ ဘုရားအာနန္ဒာ
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှင်းပွင့်ကေရီ**(အပိုင်း-၁၉)
- ၈:၃၀ Fashion Talk (Dancer Fashion)
- ၉:၁၅ Sports World (Hot Shot)
- ၉:၄၀ စားချင်စဖွယ်နည်းအသွယ်သွယ် (အလွယ်တကူချက်ပြုတ်စားစရာ ကြက်သားမာလာဟင်းအရသာ)
- ၉:၅၅ Industrial Talk
- ၁၀:၂၅ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Ma Khin Aye)
- ၁၀:၃၅ ဗီဒီယိုပြခန်း
- ၁၀:၅၀ Activities in the City (သုံးနှစ်ဆက်တိုက် ရန်ကုန်တိုင်း အောင်ချက်အကောင်းဆုံးသင်ကြား ပေးခဲ့သော ဆရာမများအားဂုဏ်ပြုပွဲ အခမ်းအနား)
- ၁၁:၀၅ **ငါးရစ်မျိုးငါး တို့မစား** (ဇာရော၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-ရဲဝင်းနီ)
- ၁၁:၁၅ ကန္တရဝတီ၏ယဉ်ကျေးမှုအမွေ အနှစ်များစုဝေးရာဆီသို့
- ၁၁:၂၅ နယဉ်ဆန်းထွင်သစ်သီးအလှဆင် (ပန်းသီးဖြင့်ဘဲငန်းပုံနှင့် သစ်ရွက်ပုံဖော်ခြင်း)
- ၁၁:၄၅ ဂျူချဲ့အိုင်ဒီယာ၏သမိုင်းကြောင်း
- ၁၁:၅၅ ရေပျော်ငှက်တို့အားထားရာအမှန် ရေကြောင်းပညာသိပ္ပံ
- ၁၂:၃၀ Music Talk (ဝိစိတြ)
- ၁၂:၅၀ လူနှင့်ကံ
- ၁:၀၀ **ငရဲမီးစားခံနိုင်မှ ရွှေစစ်မှန်** တရားတော်(ပြည်တွင်းပြည်ပ သာသနာပြုအောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
- ၁:၄၅ ယဉ်ကျေးမှုအနုလက်ရာစုံစွာ ဘုရားအာနန္ဒာ
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ စကားနပန်း(မိန်းမကို အလိုလိုက် တာကောင်းတယ်၊ မိန်းမကို အလို မလိုက်တာကောင်းတယ်)
- ၃:၂၅ သစ်ခွ
- ၃:၄၅ MRTV-4 ကျန်းမာရေးကဏ္ဍ (မိုးရာသီတွင်ဖြစ်ပွားတတ်သော ဝမ်းပျက်၊ ဝမ်းလျှောရောဂါ)
- ၄:၁၀ ကန္တရဝတီ၏ယဉ်ကျေးမှု အမွေအနှစ်များစုဝေးရာဆီသို့
- ၄:၂၀ ရိုးရာအလုပ်မှာ နီးတောင်းနီးဖျာ
- ၄:၃၅ နယဉ်ဆန်းထွင်သစ်သီးအလှဆင် (ပန်းသီးဖြင့်ဘဲငန်းပုံနှင့် သစ်ရွက်ပုံဖော်ခြင်း)
- ၄:၅၅ **ငါးရစ်မျိုးငါးတို့မစား** (ဇာရော၊ ခိုင်သင်းကြည်)(ဒါရိုက်တာ-ရဲဝင်းနီ)
- ၅:၀၅ Activities in the City (၃နှစ်ဆက်တိုက် ရန်ကုန်တိုင်း အောင်ချက်အကောင်းဆုံးသင်ကြား ပေးခဲ့သော ဆရာမများအားဂုဏ်ပြုပွဲ အခမ်းအနား)
- ၅:၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅:၄၀ အလှဆင်စရာပရိဘောဂကမ္ဘာ (ရွှေပင်၊ ငွေပင်ဦးသန်းထွန်း ပရိဘောဂတိုက်)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ဓာတ်ပုံထဲမှအမှတ်တရများ (L လွန်းဝါ၏ဓာတ်ပုံထဲမှအမှတ်တရများ)
- ၇:၀၀ ဗီဒီယိုပြခန်း
- ၇:၂၀ နေပြည်တော်မြို့သစ် ဖွံ့ဖြိုးတိုးတက် မှုများ (မြို့သစ်တည်ဆောက်ရေးနှင့် ရေပေးဝေရေး)
- ၇:၃၅ စားချင်စဖွယ်နည်းအသွယ်သွယ် (အလွယ်တကူချက်ပြုတ်စားစရာ ကြက်သားမာလာဟင်းအရသာ)
- ၇:၅၀ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Ma Khin Aye)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း(မိန်းမကိုအလိုလိုက် တာကောင်းတယ်၊ မိန်းမကိုအလို မလိုက်တာကောင်းတယ်)
- ၉:၁၀ MRTV-4 ကျန်းမာရေးကဏ္ဍ (မိုးရာသီတွင်ဖြစ်ပွားတတ်သော ဝမ်းပျက်၊ ဝမ်းလျှောရောဂါ)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှင်းပွင့်ကေရီ** (အပိုင်း-၁၉)
- ၁၀:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ် NBA (2008/2009) The Finals
- ၁၁:၃၅ Industrial Talk
- ၁၂:၀၀ တို့ကမ္ဘာမြေသာယာဖို့ ကြွပ်ကြွပ်အိတ်ကို ငြင်းပယ်စို့
- ၁၂:၁၅ ကုန်ထုတ်အစွမ်းနှင့်ပန်း
- ၁၂:၃၅ ဆန်းသစ်တီထွင်လာသော မြန်မာ့ရုပ်သေးအကများ
- ၁၂:၄၅ အလှဆင်စရာပရိဘောဂကမ္ဘာ(ရွှေပင်၊ ငွေပင်ဦးသန်းထွန်းပရိဘောဂတိုက်)
- ၁:၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## မြဝတီရုပ်မြင်သံကြား

၂၂-၇-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၄:၅၀ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅:၁၅ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၂၀ ၉။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅:၅၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၄။ လျှပ်တစ်ပြက်
- ၆:၄၅ ၁၅။ ကာတွန်းအစီအစဉ် **ပြိုင်ကားကလေးဇက်ပါ** (အပိုင်း-၁၇)
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၇၂)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ ဖြေလိုက်ပါ
- ၂၁။ ICT သုတ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နတ်ဆေးရှင်သိုင်းမောင်နှံ** (အပိုင်း-၂၈)
- ၂၄။ မိုးကုတ်ဆရာတော်ကြီး ထေရုပ္ပတ္တိ (အပိုင်း-၁၆)

## ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ လူမှုဝန်ထမ်းသင်တန်းကျောင်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းနှင့် မသန်စွမ်းသူများ ပြုစုစောင့်ရှောက်ရေးဌာန (Center for Vocational Training - CVT ) တို့၌ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးနေမှု၊ ထမင်းစားဆောင်များ နှင့် အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

### သင်ကြားနေမှု

ဆက်လက်၍ ဝန်ကြီးသည် လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်းနှင့် မသန်စွမ်း သက်ကြီးသင်တန်းကျောင်းတို့သို့ သွားရောက်၍ ကွန်ပျူတာသင်တန်း၊ ပိုးဇာပုံနှိပ်သင်တန်း၊ ဓာတ်ပုံသင်တန်း၊ စက်ချုပ်သင်တန်း၊ အီလက်ထရွန်နစ်သင်တန်းနှင့် သင်တန်းသား အိပ်ဆောင်များ၊ ဝန်ထမ်းနေအိမ်များကို ကြည့်ရှုစစ်ဆေးပြီး မသန်စွမ်း သက်ငယ်သင်တန်းကျောင်း၌ စာသင်ဆောင်များ ပြုပြင်နေမှုနှင့် အထူးပညာရေး (Special Education) သင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။

### လေ့ကျင့်ပေး

ယင်းနောက် ဝန်ကြီးသည် ကြည့်မြင်တိုင်မြို့နယ် ပန်းပင်ကြီးလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန ကြည့်မြင်တိုင် မျက်မမြင်ကျောင်းသို့ သွားရောက်၍ အဆောင်များ၊ ထမင်းစားဆောင်များ ပြုပြင်ဆောက်လုပ်နေမှု၊ မျက်မမြင် လက်စမ်းစာပေနှင့် အနုပညာသင်ကြား လေ့ကျင့်ပေးနေမှုတို့ကို ကြည့်ရှုအားပေးပြီး **(အပေါ်ပုံ)** တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လှည်းတန်း အနော်ရထာအိမ်ရာနေ ဗိုလ်မှူးကျော်ကျော်(ငြိမ်း)-ဒေါ်တင်နွယ်ဦး၊ သား အောင်ကျော်သက်၊ သမီး သည်းဆုနွယ် မိသားစုတို့က ဘိုးဘွားများအား တစ်နေ့တာ အထူးအာဟာရ ကျွေးမွေးရန်အတွက် ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

22-7 (02).pmd 1 7/22/2009, 2:13 AM

# ဝက်လက်မြို့နယ် ဟံလင်းစံပြကျေးရွာ လူထုတွေ့ဆုံပွဲ

## တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး တက်ရောက်

နေပြည်တော် ဇူလိုင် ၂၁

**စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဇူလိုင် ၁၅ ရက်တွင် အရာတော်မြို့နယ် အမှတ်(၃)ရပ်ကွက်၌ တူးဖော်ထားသည့် ရေလှျံတွင်းအမှတ်(၃၀) ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းမင်းက ရေလှျံတွင်းတူးဖော်ပြီးစီးမှုကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက မြို့နေပြည်သူများအား ရေစနစ်တကျပေးဝေပေးရန် မှာကြားကာ ရေထွက်ရှိမှုကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါရေလှျံတွင်း အမှတ်(၃၀)သည် တစ်နာရီ ရေဂါလန်၈၀၀၀ ထွက်ရှိပြီး မြို့နေပြည်သူများအား ရေလုံလောက်စွာပေးဝေနိုင်မည်ဖြစ်သည်။** (အပေါ်ပုံ)

### ဖြည့်ဆည်းဆောင်ရွက်

ထိုမှတစ်ဆင့်တိုင်းမှူးသည် ဝက်လက်မြို့နယ် ဟံလင်းစံပြကျေးရွာသို့ ရောက်ရှိပြီး လူထုတွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်သည်။ ရှေးဦးစွာ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌက ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုနှင့် လိုအပ်ချက်များကိုလည်းကောင်း၊ ကျေးရွာနေပြည်သူများကိုယ်စား ရပ်မိရပ်ဖနှစ်ဦးက ကျေးရွာ၏ လိုအပ်ချက်များကိုလည်းကောင်း တင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များကို ရှင်းလင်းမှာကြားပြီး ကျေးရွာ၏ လိုအပ်ချက်တင်ပြချက်များအပေါ် ပံ့ပိုး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် ရွှေဘိုမြို့နယ်တွင် မိုးစပါးများ စိုက်ပျိုးရေရရှိရေးအတွက် ကျိုကန်၊ မယ်ဇလီကန်နှင့် သနပ်ကန်ဆယ်တင်တူးဖော်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့သည်။ အဆိုပါ တူးဖော်ထားသည့် ကန်များသည် ရေဝင်ရောက်ချိန်တွင် မိုးစပါးဧက ၁၀၀ ရေပေးဝေနိုင်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တောင်ငူမြို့နယ်အသင်း စုပေါင်းအလှူကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၁

တောင်ငူမြို့နယ်အသင်း(အုတ်တွင်း၊ ထန်းတပင်အပါအဝင်)၏ စုပေါင်းအလှူ၊ ပညာရည်ချွန်ဆုပေးပွဲ ၂၀၀၈-၂၀၀၉ ကို ဇူလိုင်၂၆ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ဗဟန်းမြို့နယ် ကြေးသွန်းဘုရားကြီးရှေ့ ကြားတောရလမ်းရှိ မင်္ဂလာဈေးဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်နှင့် အသင်းမဝင်ရသေးသော မိသားစုများ အားလုံးတက်ရောက်ကြရန် နှိုးဆော်ထားသည်။

### ဆက်သွယ်လှူဒါန်း

အလှူငွေများကို ဦးထွန်းထွန်း(ဘုရင့်နောင်သက်န်းတိုက်) ဖုန်း-၅၄၃၉၅၈၊ ၃၇၅၃၈၄၊ ၀၉-၅၀-၀၁၉၀၃၊ ဦးတင်လှ အမှတ် ၅၃၊ သုခလမ်း၊ ကျောက်မြောင်း ဖုန်း-၇၂၂၇၈၅နှင့် ဒေါ်မြင့်မြင့်သန်း အမှတ်-၈ ပဏ္ဍိတလမ်း လှိုင်မြို့နယ် ဖုန်း-၅၁၉၅၀၉၊ ၀၉-၅၁-၂၅၄၄၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၃၅)

# ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဇူလိုင် ၂၁

မြန်မာနိုင်ငံ၏ တောင်ဘက်တံခါးပေါက် မြိတ်ဒေသ မျက်နှာဖုံးသုံးသပ်ဆောင်းပါး၊ ခေတ်ဟောင်းသတင်းစာများက ပြောနေသော ပြည်တွင်းနိုင်ငံရေးပုံရိပ်များ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ (၅)၊ အမှတ် (၂၈)ထွက်ရှိလာသည်။

ယင်းအပြင် ဆရာမောင်စူးစမ်း၏ ကြိုတင်ချက်ထားသော ပုံသေအိုင်ဒီယာတို့နှင့် ဗဟိုချက်၊ လေဆင်နှာမောင်းကြောင့် ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာတွင် နေအိမ်အဆောက်အအုံများ ပျက်စီးဆုံးရှုံး၊ ဖားကန့်မြေပြိုမှု လျော်ကြေးမပေးပါ၊ မြန်မာ့ပထမဆုံး မိုးလေဝသဆိုင်ရာ အင်န်ဂျီအို အဖွဲ့ထူထောင်ရန်စီစဉ်နေ၊ဖားကန့်တွင် ရေကြီး မြေပြိုခြင်းကြောင့် ကျောက်စိမ်းထွက်ရှိမှု မထိခိုက်နိုင်၊မြန်မာ-ဂျပန်ပူးပေါင်း၍ သန့်စင်နို့ချက်စက်ရုံ တည်ဆောက်မည်၊စင်ကာပူတွင် S-Pass ရရန် မလွယ်တော့၊ မြန်မာတစ်နိုင်ငံလုံးသို့ အွန်လိုင်းဖြင့် ကြေးနန်းပို့နိုင်တော့မည်၊ မှုခင်းရေးရာသတင်းများ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ လမ်းသွား လမ်းလာနှင့် လူကူးမျဉ်းကျားများအကြောင်း၊ သုံးမိနစ်မန်နေဂျာကဏ္ဍမှ လာမည့်ဘေး ဘယ်လိုရင်ဆိုင်ဖြေရှင်းမလဲ၊ ချစ်တယ်၊ မချစ်ဘူးဆိုတာထက် ဖူးစာပါမှ ညားတတ်ကြပါတယ်လို့ မိုးအောင်ရင်ပြော၊ ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်သည်။

ဘွဲ့လက်မှတ်အတု ထုတ်ပေးသည့် ပုဂ္ဂလိကကျောင်းပိတ်သိမ်းခံရ၊ ကမ္ဘာ့စီးပွားရေးမရေရာဖြစ်နေမှုက ရှယ်ယာတန်ဖိုးများနှင့် ရေနံဈေးနှုန်းများကို ပြန်ဆွဲချသလိုဖြစ်နေ၊ ဗြိတိသျှလေကြောင်းနှင့် ဗာဂျင်အတ္တလန္တိတ်လေကြောင်းတို့က ဖျားနာနေသော ခရီးသည်များကိုတင်ဆောင်မှုပိတ်ပင်၊ဂျကာတာရှိ ရစ်ဇ်ကာတန် ဟိုတယ်တွင် ဗုံးဖောက်ခွဲသူကို စင်ကာပူလူမျိုးတစ်ဦးက မျက်မြင်တွေ့ရှိ၊အိုဘားမားကို လူထုအတည်ပြုမှုကျဆင်း၊ စင်ကာပူ နိုင်ငံသား သူကြွယ်သူဌေးကြီး နှစ်ပေါင်းကြာရှည်စွာကွဲကွာနေသော သားဖြစ်သူနှင့် ပြန်လည်တွေ့ဆုံ၊ပြည်ပခရီးသွားမည့်သူများ ကမ္ဘာ့လူတုပ်ကွေးရောဂါ ဘယ်လိုကာကွယ်မလဲ၊ စားဖိုမှူးတစ်ဦးက ကျောင်းစာသင် လက်ထောက်အမျိုးသမီးကို အကြောင်းမဲ့သတ် မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ ပြောရဦးမယ် သူတို့ကဒီလိုတဲ့၊ ဖျော်ဖြေရေးကဏ္ဍ၊စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။

(သတင်းစဉ်)

# ကွန်ပျူတာပညာရှင်အသင်း ဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းကကြီးမှူး၍ The Linux Lab ၏ ပံ့ပိုးကူညီမှုဖြင့် Linux Operating System ပြန့်ပွားရေးနှင့် အနာဂတ် Linux Operating System ၏ အရေးပါမှုများကို သိရှိစေရန် ရည်ရွယ်ချက်ဖြင့် Linux the OS of the Future ခေါင်းစဉ်ဖြင့်ဟောပြောပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်၊ မြန်မာအင်ဖိုတက်ခ်ရှိ အခန်း ၂၀၅၌ ကျင်းပသည်။

### ဟောပြောဆွေးနွေး

ဟောပြောပွဲတွင် ဦးဝေလင်းကျော် (ခ)ဦးဝီလျံ (CTO, The Linux Lab)က Linux Operating System ၏ အားသာချက်များ၊ လုပ်ငန်းခွင်တွင် ကျယ်ပြန့်စွာလက်ရှိအသုံးပြုပုံများနှင့် အနာဂတ်တွင် The Linux Lab ၏ ဝန်ဆောင်မှုများနှင့် ယှဉ်တွဲ၍ ဟောပြောဆွေးနွေးသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

# ဆရာဝန်အသင်း သင်တန်းပို့ချမည်

ရန်ကုန် ဇူလိုင် ၂၁

မြန်မာနိုင်ငံဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေး ယူနစ် CME မှ အထွေထွေရောဂါကု ဆရာဝန်များအတွက် Emergency Management for GP 2009 သင်တန်းကို ဩဂုတ် ၁၅ရက်မှ အောက်တိုဘာ ၂၅ ရက် အထိ (စနေ၊တနင်္ဂနွေ)နေ့များတွင် မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီအထိ သင်တန်းပို့ချမည်ဖြစ်သည်။

### စာရင်းသွင်းနိုင်

သင်တန်းတွင် ပါဝင်ကူညီကြမည့် ဆေးကုမ္ပဏီများကို တွေ့ဆုံဆွေးနွေးရန်ရှိသဖြင့် ဇူလိုင် ၂၉ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)သို့ လာရောက်ကြပါရန်နှင့် သင်တန်းတက်ရောက်လိုသော ဆရာဝန်များသည် ဩဂုတ် ၄ရက်မှ ၅ရက်အတွင်း နံနက် ၁၀နာရီမှ ညနေ ၃နာရီအထိ တက်ရောက်မည့်သူကိုယ်တိုင် လိုင်စင်ဓာတ်ပုံလေးပုံဖြင့် စာရင်းသွင်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# လားရှိုး အောင်မင်္ဂလာ အထွေထွေ ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် နှစ်ပတ်လည် စည်းဝေး

လားရှိုး ဇူလိုင် ၂၀

လားရှိုးမြို့နယ် အောင်မင်္ဂလာ အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၂၈ရက် မွန်းလွဲ ၁နာရီခွဲက အသင်းရုံးခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဦးစိန်သောင်း၊ အခမ်းအနားမှူးအဖြစ် အုပ်ချုပ်မှု ဒါရိုက်တာ ဦးအောင်မြင့်တို့က ဆောင်ရွက်ပြီး အသင်း၏ အမှုဆောင်ဒါရိုက်တာ အစီရင်ခံစာ၊ အသင်းသားစာရင်းစစ် အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားတင်သွင်း၍ အတည်ပြုချက်ရယူသည်။

အစည်းအဝေးတွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးလင်းထွဋ်မိုးက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးအရာရှိ ဒေါ်အယ်နီကိုင်ဖက သမဝါယမလုပ်ငန်းဆိုင်ရာကိစ္စများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

**ဇူလိုင်၁၆ရက်က ကျင်းပသည့် ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း (လှိုင်) မိုးရာသီ ဘောလုံးပြိုင်ပွဲပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲတွင် ကျောင်းအုပ်ဆရာကြီး ဒေါက်တာနန္ဒာထွန်းက ဒိုင်းဆုရရှိသော Grade-8 အတန်းကို ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

# မှတ်သားဖွယ် မိုးရေချိန်

၂၁-၇-၂၀၀၉

**နေပြည်တော်**
၀ ဒသမ ၀၈
**စစ်တွေ**
၄ ဒသမ ၆၅
**ဓောင်းတူ**
၄ ဒသမ ၀၁
**အမ်းမြို့**
၃ ဒသမ ၄၂
**သံတွဲ**
၃ ဒသမ ၀၈
**အောင်လံ**
၀ ဒသမ ၅၅

# ရုရှားက ဂြိုဟ်တုနှစ်လုံး လွှတ်တင်

ဘာသာပြန်သတင်းမှတ်စု - မိုးမြင့်လင်းလက်

*ရုရှားနိုင်ငံမြောက်ပိုင်း ပလီဆက်အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ရုရှားဂြိုဟ်တုနှစ်လုံးကို ဇူလိုင်၂၁ရက်က အောင်မြင်စွာလွှတ်တင်လိုက်(အောက်ပုံ)သည်။*

### *လွှတ်တင်*

*ယင်းဂြိုဟ်တုနှစ်လုံးကို ကော့မော့စ်-၃အမ်အမည်ရှိ ဒုံးပျံဖြင့် မော်စကိုစံတော်ချိန် နံနက်၇နာရီ ၅၇မိနစ်၌ အာကာသသို့ လွှတ်တင်လိုက်ခြင်းဖြစ်သည်။*

### *ရောက်ရှိ*

*ရုရှားဂြိုဟ်တုနှစ်လုံးကို သယ်ဆောင်သွားသော ကော့မော့စ်-၃အမ် ဒုံးပျံသည် ကမ္ဘာ့ပတ်လမ်းကြောင်းအတွင်းသို့ ဇူလိုင်၂၁ရက် နံနက်၉နာရီက ရောက်ရှိသွားပြီဖြစ်သည်။ ယင်းဂြိုဟ်တုနှစ်လုံးမှာ ရုရှားစစ်ဘက်ဆိုင်ရာဂြိုဟ်တုတစ်လုံးနှင့် အရပ်ဘက်ဆက်သွယ်ရေးဆိုင်ရာ ဂြိုဟ်တုတစ်လုံးတို့ဖြစ်သည်။*

### *လေ့လာမည်*

*ယင်းဂြိုဟ်တုနှစ်လုံးသည် အာကာသဆိုင်ရာအချက်အလက်များကို လေ့လာသုတေသနပြုသွားမည်ဖြစ်သကဲ့သို့ ရာသီဥတုဆိုင်ရာအချက်အလက်များကိုလည်း စောင့်ကြည့်လေ့လာသွားမည်ဖြစ်သည်။*

### *စီစဉ်ထား*

*ရုရှားနိုင်ငံအနေဖြင့် ၂၀၀၉ခုနှစ် ဇူလိုင်၂၁ရက်အထိ အာကာသသို့ ဒုံးပျံယာဉ်များဖြင့် ဂြိုဟ်တု ၁၇လုံးကို အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ပြီးဖြစ်ရာ ဂြိုဟ်တုများ ဆက်လက်၍လည်းလွှတ်တင်ရန် စီစဉ်ထားသည်။ ထို့ပြင် အာကာသလေ့လာရေးဆိုင်ရာ ဂြိုဟ်တုများကို ခေတ်မီဆန်းသစ်သောနည်းပညာများ ထည့်သွင်းကာ ဒီဇိုင်းပုံစံ ပြောင်းလဲထုတ်လုပ်ရန်လည်း ဆောင်ရွက်လျက်ရှိသည်။ ။* (အင်တာနက်)

22-7 (03).pmd 1 7/22/2009, 2:13 AM

## ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီးနှင့် ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး တွေ့ဆုံဆွေးနွေး

ဒမတ်စကတ် ဇူလိုင် ၂၁

**ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီးနှင့် အရှေ့အလယ်ပိုင်းဆိုင်ရာ သံတမန်အလက်ဇန္ဒားဆူတန်နော့ဗ်က အသိမ်းပိုက်ခံ ပါလက်စတိုင်းနယ်မြေများတွင် ဂျူးအိမ်ရာစခန်းများ ဆောက်လုပ်မှုရပ်ဆိုင်းရန် ဇူလိုင် ၁၉ရက်က တိုက်တွန်းလိုက်ကြောင်း ဆင်ဟွာသတင်းအရ သိရှိရသည်။**

၎င်းတို့သည် ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဝါလစ်အယ်လ်မိုလစ်နှင့် တွေ့ဆုံဆွေးနွေးစဉ် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ အဆိုပါ တွေ့ဆုံဆွေးနွေးမှုတွင် မော်စကိုအရှေ့အလယ်ပိုင်း ညီလာခံကျင်းပရေး အလားအလာများ၊ နှစ်နိုင်ငံဆိုင်ရာ ဆက်ဆံရေး၊ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒေသဆိုင်ရာ ပြဿနာများကိုလည်း ညှိနှိုင်းကြမည်ဟု သတင်းထောက်များသို့ ပြောကြားသည်။

### ပြောကြား

ရုရှားနှင့် ဆီးရီးယားနှစ်နိုင်ငံတို့သည် ဒေသဆိုင်ရာနှင့် နိုင်ငံတကာ ပြဿနာရေးရာများတွင် သဘောထားရပ်တည်ချက်များ နီးစပ်မှုရှိသည်ဟု ဆူတန်နော့ဗ်က ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

## တိုက်လေယာဉ်တစ်စင်းပျက်ကျ

**ကိုလံဘီယာနိုင်ငံ ကာတာဂီနာမြို့တွင် တိုက်လေယာဉ်တစ်စင်းပျက်ကျမှုဖြစ်ပွားခဲ့သည်ကို ဇူလိုင် ၂၀ ရက်ကတွေ့ရစဉ်။** (အင်တာနက်ဓာတ်ပုံ)

**ဘရာဇီးနိုင်ငံတောင်ပိုင်း အီတာပေါမြို့ရှိ ရေနက်ဆိပ်ကမ်း၌ ဆိပ်ခံတံတား တည်ဆောက်ရေးလုပ်ငန်းခွင်ကို ဇူလိုင် ၂၀ရက်က တွေ့ရစဉ်။**
(ယင်းလုပ်ငန်းစီမံကိန်းသည် ၂၀၁၀ပြည့်နှစ် ဇူလိုင်လတွင် တည်ဆောက်ပြီးစီးမည်ဖြစ်သည်။) **(အင်တာနက်ဓာတ်ပုံ)**

## ၂၀၀၄ခုနှစ် နောက်ပိုင်း အိန္ဒိယနိုင်ငံ၌ အကြမ်းဖက်မှုများကြောင့် လူ ၃၈၀၀ ကျော်သေဆုံး

နယူးဒေလီ ဇူလိုင် ၂၁

အိန္ဒိယနိုင်ငံ၌ ၂၀၀၈ခုနှစ် နောက်ပိုင်းတွင် လက်ဝဲစွန်းသောင်းကျန်းသူများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လူ ၃၈၀၀ကျော် သေဆုံးခဲ့ကြောင်း ယခုရက်သတ္တပတ်တွင် ထုတ်ပြန်သည့် ပြည်ထဲရေးဌာန၏ အစီရင်ခံစာက ဖော်ပြထားသည်။

### အစီရင်ခံစာတွင်ပါရှိ

နက်ဇယ်ဟု လူသိများသည့် သောင်းကျန်းသူများ၏ အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် ချာတစ်စဂါ၊ ဘီဟာ၊ အင်ဒရာပရာဒေ့ရှ်၊ ဂျာခန်၊မက်ဒရာပရာဒေ့ရှ်၊ မဟာရာရှထရာ၊ သြရိဿ၊ ဥတရာပရာဒေ့ရှ်၊ အနောက်ဘင်္ဂလားနှင့် ကာနက်တ်ပြည်နယ်များတွင် ၂၀၀၄ခုနှစ်မှ ၂၀၀၈ခုနှစ်အတွင်း တိုက်ပွဲပေါင်း ၇၈၀၆ ပွဲ ဖြစ်ပွားရာ လူပေါင်း ၃၃၃၈ဦး သေဆုံးခဲ့သည်ဟု ဖော်ပြပါ အစီရင်ခံစာတွင်ပါရှိသည်။

### ဆက်လက်ဖော်ပြ

ယခုနှစ်စပိုင်းတွင် နက်ဇယ် သောင်းကျန်းသူများ၏လက်ချက်ကြောင့် ၄၈၅ဦး သေဆုံးခဲ့ရာ ၂၀၀၄ခုနှစ်နောက်ပိုင်း သေဆုံးသူ ဦးရေသည် ၃၈၂၃ဦးရှိပြီဟု အစီရင်ခံစာတွင် ဆက်လက်ဖော်ပြသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## ဘတ်စ်ကားက နေအိမ်များအားဝင်တိုက်၍ ကိုးဦးသေဆုံး

**လီမာ ဇူလိုင် ၂၁**

ပီရူးနိုင်ငံ အန်ဒီးစ်မြို့တွင် ဇူလိုင် ၂၀ရက်က ဘတ်စ်ကားတစ်စီးမှာ နေအိမ်သုံးလုံးကို ဝင်တိုက်ခဲ့ရာ ကိုးဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း ပီရူးအမျိုးသား ရဲတပ်ဖွဲ့က ပြောကြားသည်။

### ဆေးရုံသို့တင်ပို့

ဘတ်စ်ကားမှာ ယင်းနေ့နံနက် ၄ နာရီခွဲခန့်က ယာဉ်မောင်းမှာ အိပ်ငိုက်သွားခဲ့သဖြင့် လမ်းဘေးရှိ နေအိမ်များကို ဝင်တိုက်သွားခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသွားသူများအား နီးစပ်ရာဆေးရုံသို့ တင်ပို့ပေးခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

## ဂျပန်ရိုးရာမင်္ဂလာဆည်ခံပွဲ

**ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဂျပန်ရိုးရာမင်္ဂလာဆည့်ခံပွဲအခမ်းအနားတစ်ခု ကျင်းပခဲ့သည်ကို ဇူလိုင် ၂၀ရက်က တွေ့ရစဉ်။** (အင်တာနက်ဓာတ်ပုံ)

## အိန္ဒိယနိုင်ငံတွင် ထပ်မံရေလွှမ်း ၃၆ဦးသေဆုံး၊ စိုက်ခင်းများပျက်စီး

**ဘူဘန်နက်စစ်(အိန္ဒိယ) ဇူလိုင် ၂၁**

အိန္ဒိယနိုင်ငံ အရှေ့တောင်ပိုင်းရှိ သြရိဿပြည်နယ်တွင် လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်း မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းပြီး ရေလျှံမှုဖြစ်ပွားသဖြင့် ၃၆ ဦး ထက်မနည်းသေဆုံးကာ အိမ်ခြေသန်းဝက်ခန့် ရေလွှမ်းမိုးခံရကြောင်း တာဝန်ရှိသူများနှင့် မျက်မြင်တွေ့ရှိသူများက ဇူလိုင် ၂၀ရက်တွင် ပြောကြားသည်။

### ပျက်စီး

ယင်းကဲ့သို့ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ရေများလျှံကာ ရေကာတာတမံများ ကျိုးပေါက်ကုန်သဖြင့် အနိမ့်ပိုင်းဒေသများရှိ ရာပေါင်းများစွာသော ကျေးရွာများ ရေနစ်မြုပ်ခဲ့သည်။ ပြည်နယ်ခရိုင်ပေါင်း ၃၀အနက် ရှစ်ခရိုင်တွင် စပါးစိုက်ခင်းဟက်တာ ထောင်ပေါင်းများစွာ ပျက်စီးကြသည်။ ထို့ပြင် ဒေသခံပြည်သူထောင်ချီ၍ ရေဘေးကြုံတွေ့နေကြသည်။

### စိုးရိမ်မကင်း

ရေလွှမ်းလျှော့ရှိသည့် သြရိဿပြည်နယ်တွင် ရေလျှံမှုများ ဆက်လက်ဖြစ်ပေါ်နေမည်ကို အာဏာပိုင်များက စိုးရိမ်မကင်းဖြစ်လျက်ရှိသည်။ ယင်းဒေသတွင် လူဦးရေ ၃၆သန်းခန့် နေထိုင်ကြသည်။

**အမ်အင်န်အေ၊ရိုက်တာ**

## တက္ကဆက်၌ မိုးခေါင်မှုကြောင့် စိုက်ခင်းများပျက်စီး ဝင်ငွေ ဒေါ်လာ ၃ဘီလီယံကျော် ဆုံးရှုံး

**ဟူစတန် ဇူလိုင် ၂၁**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် ကာလကြာရှည်စွာ မိုးခေါင်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၃ဒသမ၆ ဘီလီယံဆုံးရှုံးခဲ့ရသည်။ တက္ကဆက်ပြည်နယ်အတွင်း ယခုနှစ်ကုန်အထိဆိုလျှင် အမေရိကန်ဒေါ်လာ ၄ဒသမ၁ ဘီလီယံခန့် ဆုံးရှုံးနိုင်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

တက္ကဆက်ပြည်နယ်တစ်ခုလုံး ၄၀ ရာခိုင်နှုန်းခန့်ဖြစ်သော အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် မိုးခေါင်မှုပိုမိုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

### တောမီးလောင်ကျွမ်း

မိုးခေါင်မှုကြောင့် စိုက်ခင်းများ ပျက်စီးဆုံးရှုံးရသကဲ့သို့ မွေးမြူရေးလုပ်ငန်းများမှာလည်း ထိခိုက်ခဲ့ရသည့်အပြင် တောမီးလောင်ကျွမ်းမှုများလည်း ဖြစ်ပွားခဲ့ကြောင်း တက္ကဆက်စိုက်ပျိုးရေးဌာန ပြောရေးဆိုခွင့်ရှိသူ တော့ဒ်စတက်ပယ်လ်က ပြောကြားသည်။

အမေရိကန်နိုင်ငံအတွင်း စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မှုအများဆုံး ပြည်နယ်ဖြစ်သည့် ကယ်လီဖိုးနီးယားပြည်နယ်ပြီးလျှင် တက္ကဆက်ပြည်နယ်မှာ ဒုတိယနေရာ၌ ရှိနေပြီး အမေရိကန် စိုက်ပျိုးရေးလုပ်ငန်းမှ ဝင်ငွေရရှိမှု၏ ခုနစ်ရာခိုင်နှုန်းရရှိရာ ပြည်နယ်လည်းဖြစ်သည်။ **(အင်တာနက်)**

## ကနေဒါ၌ လေယာဉ်ငယ်ပျက်ကျ နှစ်ဦးသေဆုံး

အော့တဝါ ဇူလိုင် ၂၁

**ကနေဒါနိုင်ငံ အနောက်ပိုင်း၌ ဇူလိုင် ၁၉ ရက် ညနေပိုင်းက လေယာဉ်ငယ်တစ်စင်းပျက်ကျရာ နှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။**

**အဆိုပါလေယာဉ်ငယ်သည် လေးဦးလိုက်ပါလျက် ဆက်ကက်ချီဝမ်ပြည်နယ် ကမ်ဆက်လေဆိပ်မှ ပျံသန်းလာစဉ် ကီလိုမီတာ ၂၇၀ အကွာ၌ လမ်းကြောင်းဦးတည်ချက်ပြောင်းရာမှ မြေပြင်သို့ဆင်းသက်ပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။**

**လေယာဉ်မှူးနှင့် အသက် ၆၃နှစ်ရှိ အမျိုးသားတစ်ဦးသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူ နှစ်ဦးအား ပြည်နယ်ဆေးရုံသို့ပို့ဆောင်ကာ ဆေးကုသမှုခံယူလျက်ရှိသည်။ ယင်းဖြစ်ပွားမှုသည် ရာသီဥတုဆိုးရွားမှုကြောင့်ဖြစ်နိုင်ကြောင်း၊ အသေးစိတ် အခြေအနေကို စုံစမ်းလျက်ရှိကြောင်း သိရသည်။** (အင်တာနက်)

## အာဖဂန်၌ လမ်းဘေးဗုံးပေါက်ကွဲ အရပ်သား ၁၁ဦးသေဆုံး

ကဘူးလ် ဇူလိုင် ၂၁

**အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဖာရာပြည်နယ်၌ မီနီဘတ်စ်ကားတစ်စီး လမ်းဘေးဗုံး ထိမှန်ပြီးနောက် အာဖဂန်အရပ်သား ၁၁ဦးသေဆုံးကာ နှစ်ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ဇူလိုင် ၂၀ ရက်တွင် ကြေညာသည်။**

**ဇူလစ်စတန်ခရိုင်တွင် ဇူလိုင် ၁၉ရက် မွန်းလွဲပိုင်းက ဖြစ်ပွားသည့် အဆိုပါလမ်းဘေးဗုံးခွဲတိုက်ခိုက်မှုတွင် ဒဏ်ရာရသူနှစ်ဦးမှာ အမျိုးသမီးတစ်ဦးနှင့် ကလေးငယ်တစ်ဦးတို့ဖြစ်ကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူအမာဒီက ပြောကြားသည်။** အမ်အင်န်အေ၊ဆင်ဟွာ

## လေကြောင်းစွမ်းရည်

**စပိန် နိုင်ငံ မြောက်ပိုင်း ဗီဂိုမြို့တွင် ကျင်းပသည့် လေကြောင်းပြပွဲ၌ အီတလီလေကြောင်းအဖွဲ့၏ စွမ်းရည် ပြကွက်ကို ဇူလိုင် ၁၉ ရက်က တွေ့ရစဉ်။** (အင်တာနက်ဓာတ်ပုံ)

## ပနားမား၌ A(H1N1)ဖြင့် တစ်ဦးသေဆုံး

**ပနားမားစီးတီး ဇူလိုင် ၂၁**

ပနားမားနိုင်ငံ အနောက်ပိုင်း ကိုဆယ်ပြည်နယ်၌ A(H1N1) တုပ်ကွေးရောဂါဖြင့် ကိုးလသားအရွယ် ကလေးငယ်တစ်ဦး သေဆုံးခဲ့ကြောင်း ဇူလိုင် ၂၀ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

### စစ်ဆေးစမ်းသပ်

၎င်းနိုင်ငံ၌ ပထမဆုံး အဆိုပါရောဂါဖြင့် သေဆုံးခြင်းဖြစ်ကြောင်း၊ ကလေးငယ်မှာ A(H1N1)တုပ်ကွေးရောဂါလက္ခဏာ မတွေ့ရှိရဘဲ စစ်ဆေးစမ်းသပ်ကြည့်ရာမှ ယင်းရောဂါပိုးကို တွေ့ရှိရသည်ဟုဆိုသည်။ ပနားမားနိုင်ငံ၌ A(H1N1) တုပ်ကွေးရောဂါဖြစ်ပွားသူ ၅၄၁ဦးရှိသည်။ **(အင်တာနက်)**

22-7 (04).pmd 1 7/22/2009, 2:13 AM

# နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းတင်ပြသည်

## ဖိလစ်ပိုင်မြောက်ပိုင်း၌ မိုင်းတွင်းပြိုကျ

*ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း တူဘာမြို့အနီးတွင်ရှိသော မိုင်းတွင်းတစ်တွင်း၌ ဇူလိုင် ၂၁ ရက်က ပြိုကျမှုဖြစ်ပွားရာ မိုင်းလုပ်သားနှစ်ဦး သေဆုံးပြီး အခြားသူများ ဒဏ်ရာရရှိခဲ့ကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ပြောကြားသည်။*

## အမေရိကန်ဒေါ်လာ တန်ဖိုးကျဆင်း

*ကမ္ဘာ့ငွေကြေးဈေးကွက်၌ အမေရိကန်ဒေါ်လာဈေးနှုန်းများ ကျဆင်းလျက်ရှိရာ ဂျပန်နိုင်ငံငွေကြေး ဈေးကွက်တွင် ဇူလိုင် ၂၁ရက်က ဂျပန်ယန်းငွေ ၉၄ယန်းလျှင် အမေရိကန်တစ်ဒေါ်လာဈေးအထိ ကျဆင်းခဲ့သည်။*

## ကနေဒါအလယ်ပိုင်း၌ မိုးပျံပူဖောင်းအရေးပေါ်ဆင်းသက်

*ကနေဒါနိုင်ငံအလယ်ပိုင်း အော့တာဝါမြို့အနီးတွင် ဇူလိုင် ၂၁ရက်က လူလေးဦး လိုက်ပါစီးနင်းလာသော မိုးပျံပူဖောင်းတစ်လုံး သစ်ပင်များနှင့်တိုက်မိပြီး မြေပြင်သို့ အရေးပေါ် ဆင်းသက်ခဲ့ရာ မိုးပျံပူဖောင်းစီးနင်းသူတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကနေဒါ ရဲတပ်ဖွဲ့က ပြောကြားသည်။ (အောက်ပုံ)*



## အီရန်နျူကလီးယားစက်ရုံ ဖွင့်မည့်ရက်ရွှေ့ဆိုင်း

*အီရန်နိုင်ငံ၏ ဘူရှာနျူကလီးယားစက်ရုံကို ၂၀၀၉ ခုနှစ်ကုန်၌ စတင်ဖွင့်လှစ်လည်ပတ်ရန် စီစဉ်ထားသော်လည်း အပြီးသတ်ဆောင်ရွက်ရန် လုပ်ငန်းများရှိသဖြင့် ရက်ရွှေ့ဆိုင်းလိုက်ကြောင်း အီရန်နိုင်ငံ စွမ်းအင်ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။*

## နယူးဇီလန်အနောက်မြောက်ပိုင်း၌ လေယာဉ်ငယ်ပျောက်ဆုံး

*နယူးဇီလန်နိုင်ငံ အနောက်မြောက်ပိုင်း နယူးပလိုင်းမောက်မြို့အနီးတွင် ဇူလိုင် ၂၁ရက်က လေယာဉ်ငယ်တစ်စင်း ပျံသန်းနေစဉ် ပျောက်ဆုံးသွားကြောင်း၊ ရာသီဥတုဆိုးရွားမှုကြောင့် ပျက်ကျသွားသည်ဟု ယုံကြည်သဖြင့် ရှာဖွေမှုများ ဆောင်ရွက်နေကြောင်း နယူးဇီလန်အရာရှိများက ပြောကြားသည်။*

## ဆူလာဝေစီပြည်နယ်ကမ်းလွန်၌ လျှောင်လှုပ်

*အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီပြည်နယ်ကမ်းလွန်၌ ဇူလိုင် ၂၁ ရက်က ရစ်ချ်တာစကေး ၆ ရှိသော လျှောင်လှုပ်သွားခဲ့ရာ နေအိမ်အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါသွားခဲ့ကြောင်း၊ ဆူနာမီသတိပေးချက် ထုတ်ပြန်မှုမရှိကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။*

## ရှန်ဟိုင်းမြို့၌ အပူချိန်စံချိန်တင်မြင့်တက်ခဲ့

*တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ဇူလိုင် ၂၁ ရက်က အပူချိန် ၉၈ ဒီဂရီဖာရင်ဟိုက်ရှိခဲ့ရာ အပူချိန်မြင့်တက်ခဲ့သဖြင့် လွန်ခဲ့သည့်နှစ်ပေါင်း ၇၅ နှစ်အတွင်း အမြင့်ဆုံးအပူချိန်ဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။*

## ဂျပန်နိုင်ငံ ဟိုဖူမြို့အနီး မြေပြိုမှုဖြစ်ပွား

*ဂျပန်နိုင်ငံ ယာမာကူချီပြည်နယ် ဟိုဖူမြို့အနီးတွင် ဇူလိုင် ၂၁ ရက်က မြေပြိုမှုဖြစ်ပွားရာ လေးဦးသေဆုံးပြီး ခြောက်ဦးပျောက်ဆုံးကာ နှစ်ဦးမှာ ဆေးရုံတင်ပို့ထားရကြောင်း ဂျပန်အရာရှိများက ပြောကြားသည်။ **(အောက်ပုံ)***

# ရောဝတီတိုင်း ဖျာပုံနှင့် ကျိုက်လတ်မြို့တို့၌ ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားများကျင်းပ

## ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တက်ရောက်

ရန်ကုန် ဇူလိုင် ၂၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဇူလိုင် ၂၀ရက်တွင် ဧရာဝတီတိုင်း ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသွားသော ဖျာပုံမြို့ မဟာဗန္ဓုလလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး မဟာဗန္ဓုလလမ်း ကတ္တရာလမ်းသစ်တစ်လျှောက်ကို ဖြတ်သန်းကြည့်ရှုကြသည်။

**မဟာဗန္ဓုလလမ်း**

အဆိုပါ မဟာဗန္ဓုလလမ်း ကတ္တရာလမ်းသစ်သည် အရှည် ၇၃၉ ပေ၊ အကျယ် ၁၈ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေး အဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် လမ်းဖြစ်သည်။

**တက်ရောက်အားပေး**

ဆက်လက်၍ ဝန်ကြီးသည် ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသွားသည့် ကျိုက်လတ်မြို့တွင်း အဝေးပြေးလမ်းမကြီး ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

အဆိုပါ ကျိုက်လတ်မြို့တွင်း အဝေးပြေးလမ်းမကြီး ကတ္တရာလမ်းသစ်သည် အရှည်ပေ ၁၀၀၀၀၊ အကျယ် ၁၂ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် လမ်းဖြစ်သည်။ ယခင်နှစ် မိုးတွင်းကာလက လမ်းမျက်နှာပြင်များ ပျက်စီးခဲ့ရသည့်အတွက် ကတ္တရာလမ်းအဖြစ် ပြန်လည်ပြင်ဆင်ခဲ့ခြင်းဖြစ်ပြီး ကျိုက်လတ်မြို့ပေါ်ရှိ ရပ်ကွက် ခြောက်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၈၇ အုပ်စုတို့မှ ပြည်သူများသည် ယင်းလမ်းကို အသုံးပြုကာ ရန်ကုန်မြို့၊ မအူပင်မြို့၊ ဖျာပုံမြို့နှင့် ဘိုကလေးမြို့များသို့ လွယ်ကူစွာ သွားလာနိုင်ကြပြီဖြစ်ကြောင်း သိရှိရသည်။

**တွေ့ဆုံ**

ထို့နောက် ဝန်ကြီးသည် ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကတ္တရာ လမ်းသစ်ဖွင့်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့် ကျိုက်လတ်မြို့တွင်း အဝေးပြေးလမ်းမကြီး ကတ္တရာလမ်းသစ် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးစဉ်။ (နယ်စပ်/စည်ပင်)

**ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့ပေါ်ရှိ ရပ်ကွက်များအတွင်း သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး စီမံချက်အရ ရေမြောင်းများ၊ ချုံနွယ်များတွင် ခြင်များပေါက်ပွားမှု မရှိစေရန်အတွက် ဇူလိုင် ၁၈ရက်က မြို့နယ်ကျန်းမာရေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ချုံနွယ်များ၊ ရေမြောင်းများ ရှင်းလင်း၍ ခြင်ဆေးများ ပက်ဖျန်းကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးငွေဒိုး ကြီးကြပ်ဆောင်ရွက်စဉ်။**

(၁၈၃)

## မြောက်ပိုင်းဒေသများ၌ မိုးဆက်လက်လျော့နည်းနေမည်

ရန်ကုန် ဇူလိုင် ၂၁

<u>ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ</u> လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေပြည်တော်နှင့် နေပြည်တော်ပျဉ်းမနားတို့တွင် ၀ ဒသမ ၀၈ လက်မစီ၊ စစ်တွေမြို့တွင် ၄ ဒသမ ၆၅ လက်မ၊ ဓောင်းတူမြို့တွင် ၄ ဒသမ ၀၁ လက်မ၊ အမ်းမြို့တွင် ၃ ဒသမ ၄၂ လက်မ၊ သံတွဲမြို့တွင် ၃ ဒသမ ၀၈ လက်မနှင့် အောင်လံမြို့တွင် ၀ ဒသမ ၅၅ လက်မတို့ဖြစ်ကြသည်။

<u>ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ</u> ယမန်နေ့ည သန်းခေါင်ယံတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေနှင့် အနောက် ဘင်္ဂါလီကမ်းခြေကြားမှ ကုန်းတွင်းသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

<u>ဇူလိုင် ၂၂ ရက်ညနေအထိ ခန့်မှန်းချက်မှာ</u> ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာနိုင်ပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

<u>မြန်မာ့ပင်လယ်ပြင်တွင်</u> မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

<u>နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ</u> မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးဆက်လက်လျော့နည်းနေမည်။

<u>နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်</u> နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

<u>ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်</u> မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

<u>မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်</u> နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

## မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

### စိတ်ဖိစီးမှုများပြားသော မိဘနှစ်ပါးမှမွေးဖွားသည့် ရင်သွေးငယ်များ ရင်ကျပ်ပန်းနာရောဂါ ရရှိနိုင်ဟုဆို



*စိတ်ဖိစီးမှုများသော မိဘနှစ်ပါးမှ မွေးဖွားလာသော ကလေးငယ်များသည် ရင်ကျပ်ပန်းနာရောဂါ ရရှိနိုင်ကြောင်း အမေရိကန် ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။*

*<u>သုတေသနပြု</u>*

*ရင်ကျပ်ပန်းနာရောဂါ ဖြစ်ပွားသော ကလေးငယ် ၂၀၀၀ တို့အား သုံးနှစ်ကြာ သုတေသနပြုခဲ့ရာ ၎င်းတို့၏မိဘများသည် စိတ်ဖိစီးမှုများသော၊ အိမ်ထောင်ရေး အဆင်မပြေသော မိဘများဖြစ်နေကြသည်ကို တွေ့ရသည်ဟုဆို၏။*

*<u>ပြောင်းလဲမှု</u>*

*အလုပ်ပင်ပန်းပြီး စိတ်ဖိစီးမှုများခြင်းသည် ကိုယ်တွင်းကလာပ်စည်းများကို ထိခိုက်ပျက်စီးစေသည့်အပြင် မျိုးဗီဇကိုပါ ပြောင်းလဲရိုက်ခတ်စေကြောင်း၊ ထို့အပြင် ကိုယ်ဝန်ဆောင်စဉ် စိတ်ဖိစီးမှု ပိုမိုများပြားပါက မွေးဖွားလာသော ရင်သွေးငယ်မှာ ရင်ကျပ်ပန်းနာဖြစ်ပွားမှု အခွင့်အလမ်းများကြောင်း သိရသည်။*

*<u>သတိပြုသင့်</u>*

*ထို့ကြောင့် မိဘများအနေဖြင့် မိမိတို့၏ လူမှုဘဝနေထိုင်မှုနှင့် စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲဖြစ်တည်မှုများသည် ရင်သွေးငယ်တို့၏ ကျန်းမာရေးအပေါ် ဆိုးရွားသော အကျိုးသက်ရောက်မှုရှိစေသဖြင့် သတိပြုသင့်ကြောင်း အမေရိကန် ဆေးသိပ္ပံပညာရှင်များက အကြံပြုထားသည်။ ။*

22-7 (05).pmd 1 7/22/2009, 2:13 AM

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ CHINA SFECO GROUP, China Shanghai (Group) Corporation for Foreign Economic & Technology Corporation မှ Marketing Director, Mr. Gene.Y.F.Zheng နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (အမှတ်-၂ လျှပ်စစ်)

# လျှပ်စစ်(၂) ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်အား တရုတ်နိုင်ငံ ဧည့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၁

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ CHINA SFECO GROUP, China Shanghai (Group) Corporation for Foreign Economic & Technology Corporation မှ Marketing Director, Mr. Gene.Y.F.Zheng နှင့်အဖွဲ့သည် ဇူလိုင် ၁၆ရက်က နေပြည်တော်ရှိ ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဖော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဝမ်ပုံဆိပ်ကမ်းနှင့် ကုန်စည်တင်ပို့လုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး သွားရောက်ကြည့်ရှု

နေပြည်တော် ဇူလိုင် ၂၁

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးသည် ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများလိုက်ပါ၍ ကျိုင်းတုံ-တာချီလိတ်-ဝမ်ပုံကားလမ်းအခြေအနေနှင့် ကားလမ်းဘေးဝဲ ယာအား မိုးစပါး၊ နှစ်ရှည်ပင်များ စိုက်ပျိုးထားရှိမှု၊ တာချီလိတ်မြို့နယ် ဝမ်ပုံဆိပ်ကမ်း ဆိပ်ကမ်းအခြေအနေနှင့် ကုန်စည်တင်ပို့နေသည့် လုပ်ငန်းများကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

**မှာကြား**

ထို့နောက် တာဝန်ရှိသူများက ကုန်စည်ပို့ဆောင်နေမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် တိုင်းမှူးသည် ဝမ်ပုံကျေးရွာ ဈေးသစ်ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဟိုပန်၌ သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

ဟိုပန် ဇူလိုင် ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံခရိုင် ဟိုပန်မြို့နယ်၌ မြန်မာအမျိုးသမီးများနေ့ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၂ရက် နံနက် ၉ နာရီခွဲက ဟိုပန်မြို့နယ် ကွင်းအမှတ်(၇) နမ့်လျှံရပ်ကွက်ပိုင် စိုက်ကွင်း၌ ကျင်းပသည်။

**ပျိုးပင်များပေးအပ်**

ရှေးဦးစွာ အခမ်းအနားမှူး ဒေါ်နန်းအေးမွန်းက အစီအစဉ်များ ဖတ်ကြားတင်ပြပြီး ကွမ်းလုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သက်က ကျွန်းပျိုးပင်ကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သီတာနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးမြင့်လွင်က လည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး တင်ထွန်းက ဌာနဆိုင်ရာများသို့လည်းကောင်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ထွေးက လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများသို့ လည်းကောင်း ပျိုးပင်များ ပေးအပ်သည်။

**စုပေါင်းစိုက်ပျိုး**

ထို့နောက် ခရိုင်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သက် က ကျွန်းပင်ကို စတင်စိုက်ပျိုးပေးကာ တက်ရောက်လာသူများက ကျွန်းပင်၊ တောင်တမာပင်၊ ယူကလစ်ပင်၊ ကံ့ကော်ပင်၊ ရေသင်းဝင်ပင်၊ မဲဇလီပင်၊ စိန်ပန်းပင်နှင့် မန်ကျည်းပင်စသည့် ပျိုးပင် ၁၀၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးကြသည်။ (အပေါ်ပုံ)

(မြို့နယ် ပြန်/ဆက်)

# ရိုးမအလင်းတန်း စာကြည့်တိုက် တောင်တွင်းကြီးတွင် ဖွင့်လှစ်

တောင်တွင်းကြီး ဇူလိုင် ၂၁

တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ တောင်တွင်းကြီးမြို့နယ် ကုက္ကိုကုန်းအုပ်စု ကွင်းမြောင်ကျေးရွာ ရိုးမအလင်းတန်း စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဇူလိုင် ၁၀ရက် နံနက် ၉ နာရီကကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဌေးအောင်နှင့် အုပ်စုဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ကွင်းမြောင်ကျေးရွာဥက္ကဋ္ဌ ဦးမျိုးအောင်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ဆွေးနွေးပြီး မြို့နယ်စာကြည့်တိုက် အထောက်အကူပြုကော်မတီ အတွင်းရေးမှူး ဦးအောင်ကျော်ငြိမ်းက စာပေထဲက ဗဟုသုတကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဌေးအောင်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် စာကြည့်တိုက်မြေနေရာအား အလှူရှင် ဒေါ်မြရင်မိသားစု၊ ထူးထူးဗွီစီဒီနှင့် ဒီဗွီဒီအခွေငှားဆိုင်ပိုင်ရှင် ဦးရဲမြင့်ထွန်း-ဒေါ်ခင်သိန်းထူးမိသားစုက စာအုပ်စာစောင်များကို လည်းကောင်း၊ ရန်ကုန်မြို့နေ ဦးအောင်အောင်- ဒေါ်စင်မြတ်သက်လှိုင်၊ သမီး သွန်းနေခြည်ဝင့် (ထူးချွန်စီးပွားရေးပညာအထောက်အကူပြုသင်တန်း)က စာအုပ်မျိုးစုံ အုပ်၈၅၀ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။ (မြို့နယ် ပြန်/ဆက်)

# ရေပေးဝေမှု

မကွေးတိုင်း စည်ပင်သာယာ ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်က ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေပေးရေး ဂါလန် ၁၀၀၀၀၀၀ ဆံ့ ရေလှောင်ကန်မှ ရေပေးဝေမှု အခြေအနေကို ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်လွင်က ရှင်းလင်းတင်ပြစဉ်။ (တိုင်းစည်ပင်)

# သစ်ပင်စိုက်ပျိုးပွဲ ဖလမ်း၌ ကျင်းပ

ဖလမ်း ဇူလိုင် ၂၁

ဖလမ်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂ရက် နံနက်၈နာရီက ကလေး-ဖလမ်း ကားလမ်း မိုင်တိုင် ၇၉/၃ ဖလမ်းမြို့ဝင်၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌက ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များအား ပျိုးပင်များပေးအပ်ပြီး ခရိုင်ဥက္ကဋ္ဌက ထင်းရှူးပင် စတင်စိုက်ပျိုးပေးကာ တက်ရောက်လာသူများက ထင်းရှူးပင် ၄၀၀နှင့် ပနားမားငုပင် ၁၀၀တို့ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

# ဖကျောက်ကျေးလက်တံတား ကြည့်ရှုစစ်ဆေး

ဇွန် ၁၃ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ထားရှိသည့် ဖကျောက်ကျေးလက်တံတားကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

# စာကြည့်တိုက်များပွံ့ဖြိုးတိုးတက်ရေး ဒဂုံမြို့သစ်(အရှေ့ပိုင်း)၌ ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၁

ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်နှင့် ဝန်ထမ်းများသည် ဇူလိုင် ၉ရက်က (၁၂၅)ရပ်ကွက် အလင်းရောင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ ရှင်သန်ခိုင်မာပြီး စံ(၅)ချက်နှင့်ပြည့်စုံသော စာကြည့်တိုက်ဖြစ်တည်ရေးအတွက် ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံကြသည်။ အဆိုပါဆွေးနွေးပွဲတွင် ရရှိပြီးစာအုပ်များ စနစ်တကျ ထိန်းသိမ်းရေး၊ အလှူရှင်များ တိုးပွားရေး၊ စာငှားကတ်စနစ် ကျင့်သုံးနိုင်ပြီး စံ(၅) ချက်နှင့် ညီညွတ်ရေး၊ စာကြည့်တိုက်မြေနှင့် အဆောက်အအုံပိုင်ဆိုင်ရေးတို့ကိုဆွေးနွေးခဲ့ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပြည်စိုးက ယင်းလုပ်ငန်းများ ဆက်လက်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးသည်။ (မြို့နယ် ပြန်/ဆက်)

# စားသောက်ကုန် လက်ဖက်စိုများ ဆိုးဆေးအသုံးပြု ရောင်းချမှု ရှိမရှိ တကောင်းမြို့၌ ကွင်းဆင်းစစ်ဆေး

တကောင်း ဇူလိုင် ၂၁

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် တကောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ပံ့ပိုးကူညီမှု၊ မြို့စည်ပင်သာယာရေးအဖွဲ့ မြို့တာဝန်ခံ ဦးဌေးလှိုင်၏ဦးဆောင်မှု၊ မြို့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးတာဝန်ခံ ဒေါက်တာစံကြည်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုတို့ဖြင့် ဇွန် ၂၉ရက်က မြို့ပေါ်ရပ်ကွက်များအတွင်းရှိ ကုန်မျိုးစုံဆိုင်များနှင့် ဈေးအတွင်းရှိ ကုန်မျိုးစုံဆိုင်များသို့ သွားရောက်ပြီး ဆိုင်တင်ရောင်းချလျက်ရှိသည့် စားသောက်ကုန် လက်ဖက်စိုများတွင် ဓာတုပစ္စည်း ဆိုးဆေးများပါဝင်သော စားသောက်ကုန်ပစ္စည်းများ ရောင်းချခြင်း ရှိမရှိတို့ကို ကြည့်ရှုစစ်ဆေး၍ ပညာပေးဆွေးနွေးကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

မင်္ဂလာဒုံမြို့နယ် (၂/က)စံပြရပ်ကွက် စိတ္တသုခလမ်း အမှတ် ၁၅၀ နေ ဒေါ်ခင်လှ လေးနှစ်ပြည့် ရည်စူး၍ ဗိုလ်ကြီးကျင်ရှိန်(ငြိမ်း)နှင့်သားသမီး၊ မြေးတစ်စုတို့က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ကိုယ်စား အုပ်ချုပ်ရေးမှူး ဦးပြုံး လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

* ရှေ့ဖုံးမှ

လေကြောင်းခရီးသည် အမြန်ဆုံးခရီး ပေါက်သည်မှာမှန်သော်လည်း ရာသီဥတုဆိုးရွားပါက ကြန့်ကြာမှုများ ကြုံတွေ့ရတတ်သည်။ ထို့အပြင် ခရီးစရိတ်ကုန်ကျမှု များပြားသည့်အတွက် သာမန်ဝင်ငွေရှိသော ပြည်သူများ အသုံးပြုရန် မလွယ်ကူချေ။ သို့ဖြစ်၍ ဒေသခံပြည်သူအများစုမှာ သင်္ဘောခရီးစဉ်များနှင့် မော်တော်ယာဉ်လိုင်းများကိုသာ အဓိကအားကိုးအားထားပြု၍ သွားလာကြရသည်။

## တောင်တက်တောင်ဆင်း

မြိတ်မှ ထားဝယ်သို့ မော်တော်ကားလမ်း မိုင်၁၅၀ကျော် ကွာဝေးပြီး တောင်တက် တောင်ဆင်းလမ်းများ ပါဝင်သဖြင့် မြိတ်မြို့မှ နံနက်စောစောထွက်မှသာ ထားဝယ်မြို့သို့ ညနေ နေမဝင်မီရောက်ရှိနိုင်ပါသည်။

## ပိုမိုများပြား

ဒေသတစ်ခုမှ တစ်ခုသို့ ခရီးသွားလာရာတွင် ရထားဖြင့်သွားခြင်းက ခရီးစရိတ်ကုန်ကျမှု အနည်းဆုံးပင်ဖြစ်သည်။ ရထားလမ်းမပေါက်သော ဒေသများတွင် ကားလမ်းကို အသုံးပြုသွားလာရသဖြင့် ခရီးစရိတ်ကုန်ကျမှု ပိုမိုများပြားလေ့ရှိသည်။

ထားဝယ်-မြိတ် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း၏ ထားဝယ်-သရက်ချောင်းလမ်းပိုင်း ပိန်းတောတွင် စက်ယန္တရားကြီးများဖြင့် မြေကြီးလုပ်ငန်းကို ဤသို့ဆောင်ရွက်နေသည်။ (သတင်းစဉ်)

## ပြေးဆွဲပေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် ခရီးသွားပြည်သူများ လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့စွာဖြင့် သွားလာနိုင်ရေးအတွက် နေပြည်တော်ကိုဗဟိုပြု၍ ရထားလမ်းများ ဖောက်လုပ်ပြေးဆွဲပေးလျက်ရှိရာ နေပြည်တော် - ရန်ကုန်၊ နေပြည်တော်-မန္တလေး၊ နေပြည်တော်-ချောက်၊ နေပြည်တော်-ပြည်၊ နေပြည်တော်- ပုဂံ၊ နေပြည်တော်-မြင်းခြံ၊ နေပြည်တော်- မော်လမြိုင်- ရေး-ထားဝယ်လမ်းတို့ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေးအပါအဝင် ဘက်စုံ ကဏ္ဍစုံက ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

## ဆောက်လုပ်ပေးခဲ့

ပြည်နယ်နှင့်တိုင်းများ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကျဉ်းမြောင်းလာမည်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့ကို ဆက်သွယ်ပေးသည့် ရေး-ထားဝယ် ရထားလမ်းကို ဖောက်လုပ်ပေးခဲ့ပြီးဖြစ်သည်။

## အကောင်အထည်ဖော်

ယခုအခါ တနင်္သာရီတိုင်းအတွင်း ထားဝယ်မြို့နှင့် မြိတ်မြို့ကို ဆက်သွယ်ဖောက်လုပ်မည့် ထားဝယ်-မြိတ်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂၁ရက်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထားဝယ် - မြိတ်ရထားလမ်းသည် ခရီးမိုင် ၁၃၂ဒသမ၅၀ရှည်လျားကာ အများဆုံးကွေ့ဒီဂရီ ၁၀ ဒီဂရီဖြစ်ပြီး ဘူတာ ၁၉ဘူတာပါဝင်သည်။ ရထားလမ်း တစ်လျှောက် ပေ၁၀၀အထက်တံတား ၂၃စင်း၊ ပေ၄၀နှင့် ပေ ၁၀၀ကြားတံတားလေးစင်း၊ ပေ၄၀အောက်တံတား ၆၃၃စင်း စုစုပေါင်း တံတားကြီး၊ ငယ်အစင်း၆၆၀ တည်ဆောက်သွားရမည်ဖြစ်သည်။

ထားဝယ်-မြိတ် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ထားဝယ်-သရက်ချောင်းလမ်းပိုင်း၌ တံတားအမှတ် (၂၉) တည်ဆောက်ပြီးစီးမှုကို ဤသို့ တွေ့ခဲ့ရသည်။ (သတင်းစဉ်)

## လမ်းခွဲဘူတာ

ရပ်နားမည့်ဘူတာများမှာ ဆိပ်ကမ်းဘူတာ၊ ရှင်မုတ္တီးဘူတာ၊ ညောင်ဇင်ဘူတာ၊ သရက်နှစ်ခွဘူတာ၊ သရက်ချောင်းဘူတာ၊ ပြင်ဖြူကြီးဘူတာ၊ မင်းဒပ်ဘူတာ၊ ရင်ဲဘူတာ၊ ကညင်ချောင်းဘူတာ၊ ပဲဘူတာ၊ မာလကာချောင်းဘူတာ၊ ဆင်ထိုးဘူတာ၊ ပလောက်ဘူတာ၊ ထမင်းမစားဘူတာ၊ ပုလောဘူတာ၊ ကဒဲဘူတာ၊ တပိုဘူတာ၊ မီးလောင်ချောင်းဘူတာနှင့် ဘုတ်-ဒါးသွေး လမ်းခွဲဘူတာတို့ဖြစ်သည်။

## ဖြတ်သန်းသွားမည့်မြို့များ

ရထားဖြတ်သန်းသွားမည့်မြို့များမှာ ထားဝယ်၊ သရက်ချောင်း၊ ပလောက်၊ ပုလောနှင့် မြိတ်မြို့တို့ဖြစ်သည်။ ရထားဖြတ်သန်းသွားမည့် ကျေးရွာများမှာ ဇလွန်းရွာ၊ ရှင်မုတ္တီးရွာ၊ နတ်စင်ကုန်းရွာ၊ ပြင်ဖြူကြီးရွာ၊ ရင်ဲရွာ၊ ဘုတ်ရွာ၊ အောက်သရက်ချောင်းရွာ၊ ပဲရွာ၊ ဆင်ထိုးရွာ၊ အုန်းတောရွာ၊ လယ်ဘက်ရွာ၊ နန်းတောင်ရွာ၊ တပိုရွာ၊ ဒါးသွေးလမ်းဆုံ၊ ကူးတို့ရွာ၊ ညောင်ဇင်ရွာ၊ မော်ရှည်ကုန်းရွာ၊ ပြင်ဖြူသားရွာ၊ ကနက်သီရိရွာ၊ ဘက်ရွာ၊ ပဲဒတ်ရွာ၊ မာလကာရွာ၊ ကျောက်တောင်ရွာ၊ ကျောက်မော်ရွာ၊ ဝါးချောင်းရွာ၊ ပဝတ်ဖျားရွာ၊ စက်တော်ရာရွာ၊ မရမ်းပင်ချောင်းရွာ၊ ကနိုင်းဒါရွာ၊ သင်းကျွန်းရွာ၊ အိမ်ရှေ့ပြင်ရွာ၊ မင်းဒပ်ရွာ၊ ကတွဲရွာ၊ ကညင်ချောင်းရွာ၊ ဆင်မတန်းရွာ၊ မီးလောင်ချောင်းရွာ၊ မင်းပြင်ရွာ၊ ထမင်းမစားရွာ၊ တောင်ယာတမ်းရွာ၊ ကဒဲရွာ၊ ကြဲရွာနှင့် ရေသမုတ်ရွာ (မြိတ်ဘူတာ-၁)တို့ဖြစ်ကြသည်။

## ဆောင်ရွက်

ယခုအခါ စီမံကိန်း၏ ပထမအဆင့်အဖြစ် ထားဝယ်ဘက်ခြမ်းတွင် ထားဝယ်-သရက်ချောင်းလမ်းပိုင်း မိုင် ၂၀ နှင့် မြိတ်ဘက်ခြမ်းတွင် သမုတ်-ဘုတ်ခြိလမ်းပိုင်း ၉ ဒသမ ၇၅ မိုင်တို့ကို မြေသားလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

## လိုအပ်

စီမံကိန်းတစ်ခုလုံး၏ ပစ္စည်းလိုအပ်ချက်အနေဖြင့် လမ်းခင်းကျောက် ၅၅၉၁၅ကျင်း၊ ၇၅ ပေါင်သံလမ်းချောင်း ၃၆၅၁၀ ၊ လမ်းခင်း ဇလီဖားတုံး ၂၈၈၃၂၀ လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

## တောက်လျှောက်သွားနိုင်

ထားဝယ် - မြိတ်ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းပြီးစီးပါက နေပြည်တော်- မော်လမြိုင်- ရေး- ထားဝယ်ရထားလမ်းပိုင်းနှင့် ဆက်စပ်ကာ နေပြည်တော်မှ မြိတ်မြို့အထိ ရထားလမ်း တောက်လျှောက်သွားနိုင်မည်ဖြစ်သည်။

## မှတ်တမ်းပြု

ထားဝယ် - မြိတ် ရထားလမ်း ဖောက်လုပ်ပြီးစီးပါက တနင်္သာရီတိုင်းအတွင်း လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာမည်ဖြစ်သကဲ့သို့ ဒေသခံပြည်သူများ စရိတ်စကသက်သာစွာဖြင့် သွားလာနိုင်တော့မည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ထားဝယ် သရက်ချောင်းလမ်းပိုင်း၌ ဆိပ်ကမ်းဘူတာ အဆောက်အအုံ ဆောက်လုပ်နေမှုနှင့် လေးခန်းတွဲ ဝန်ထမ်းအိမ်ရာကို ဤသို့တွေ့ရသည်။ (သတင်းစဉ်)

# မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် ဇူလိုင် ၂၁

## ကမာရွတ် အထက(၂) မြတ်ဆရာပူဇော်မည်

*ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အထက(၂)မှ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင် ကျောင်းသားကျောင်းသူများ၏ မြတ်ဆရာပူဇော်ပွဲကို ဇူလိုင် ၂၆ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ စာမေးပွဲအောင် ကျောင်းသားကျောင်းသူများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။*

## ချောက်မြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ

*ချောက်မြို့နယ်အသင်း(ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် တက္ကသိုလ်များဓမ္မာရုံ၌ ဩဂုတ် ၂ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုပါက ဖုန်း-၅၉၀၀၀၉၊ ၅၄၄၀၆၇နှင့် ဖုန်း-၀၉-၅၀-၀၉၀၁၇တို့သို့ ဆက်သွယ်နိုင်သည်။*

## အထက(၂)ပိုလ်တထောင် မြတ်ဆရာပူဇော်ပွဲ

*အထက(၂)ပိုလ်တထောင်(စိန့်ဖိလစ်)ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကျင်းပရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၅၅၈၁၄၅၊ ၂၉၁၅၂နှင့် ဖုန်း-၀၉-၅၁-၇၅၀၀၉တို့သို့ ဆက်သွယ်နိုင်သည်။*

## အင်တာနက်နှင့် အီးမေးလ် သင်တန်းဖွင့်မည်

*မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများလူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် Information Channel(i-channel)တို့ ပူးပေါင်းစီစဉ်သည့် အင်တာနက်နှင့် အီးမေးလ်သင်တန်းကို ဩဂုတ် ၃ရက်တွင် ဖွင့်လှစ်ရန် စီစဉ်ထားရာ သင်တန်းလျှောက်လွှာကို အမှတ် ၁၅၄ ဦးချစ်မောင်လမ်း တာမွေမြို့နယ် ဖုန်း-၀၉-၈၆-၁၀၅၃၀သို့ ဆက်သွယ်ရယူနိုင်သည်။*

## သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း နှစ်လယ်အစည်းအဝေးကျင်းပမည်

*မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း၏ ၂၀၀၉ခုနှစ် နှစ်လယ်အစည်းအဝေးကို ဇူလိုင် ၂၅ရက်နှင့် ၂၆ရက်တွင် သင်္ဃန်းကျွန်းမြို့နယ် သုပဲဝိုင်းကြီးရပ်ကွက် သံသုမာလမ်းရှိ အသင်းဘက်စုံခန်းမ၌ နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ကျင်းပမည်ဖြစ်ပြီး ဆေးနှင့် ဆေးကိရိယာပစ္စည်းများကို ပြခန်းများဖွင့်၍ ရောင်းချမည်ဖြစ်ရာ ဖုန်း-၀၉-၅၀-၀၆၈၉၃နှင့် ၅၂၄၈၁၅သို့ ဆက်သွယ်စုံစမ်းနိုင်သည်။*

## ကန့်ဘလူအသင်း(ရန်ကုန်) စုပေါင်းအလှူပွဲ

*ကန့်ဘလူအသင်း(ရန်ကုန်)၏ စုပေါင်းအလှူပွဲကို ဇူလိုင် ၂၆ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် ရွှေတိဂုံအရှေ့ဘက်မုခ် ကြားတောရလမ်း ဗဟန်းမြို့နယ် ကုန်သွယ်/လယ်ယာဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူအသင်းသားများ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။*

## နက်ဝေ့ခ် နည်းပညာသင်တန်းဖွင့်မည်

*မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း(MES)က ကြီးမှူး၍ Network နည်းပညာနှင့်ပတ်သက်သော ပညာရပ်ဆိုင်ရာ သင်တန်းကို လာမည့် ဩဂုတ်၁၅ရက်နှင့် ၁၆ရက်၌ ဖွင့်လှစ်မည်ဖြစ်ရာ တက်ရောက်လိုပါက ဖုန်း-၀၉-၅၁-၉၆၇၃၆သို့ ဆက်သွယ်နိုင်သည်။*

## အမြင်သစ်စာပေ စာအုပ်အရောင်းပွဲ ဆက်လက်ခင်းကျင်းထား

*အမြင်သစ်စာပေ၏ အထူးရှားပါးစာအုပ်များ အရောင်းပွဲနှင့် ပြပွဲကို ဇူလိုင်၈ရက်က ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့် လောကနတ်ခန်းမ၌ စတင်ဖွင့်လှစ်ခဲ့ပြီး အဆိုပါပြပွဲကို ဇူလိုင်၂၆ရက် (တနင်္ဂနွေနေ့)အထိ ဆက်လက်ခင်းကျင်းရောင်းချလျက်ရှိသည်။*

## မန္တလေး၌ ရန်ပုံငွေ ပြဇာတ်နှင့် နှစ်ပါးသွားဖျော်ဖြေမည်

*မန္တလေးမြို့၌ ဇူလိုင်၂၄ရက်နှင့်၂၅ရက်တွင် ရန်ပုံငွေဖျော်ဖြေပွဲအဖြစ် ဒါရိုက်တာမောင်သီတင်ဆက်မည့် ပြဇာတ်နှင့် ဒါရိုက်တာ သျှန်ထွန်း(မြန်မာစာ)ရေးသားသော နှစ်ပါးသွား တင်ဆက်မှုကို မန္တလေးမြို့ အမျိုးသားဇာတ်ရုံ၌ ကပြဖျော်ဖြေတင်ဆက်မည်ဟု သိရသည်။ ။*

(မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

22-7 (07).pmd 1 7/22/2009, 2:13 AM

# ဘယ်သူမပြု မိမိမှု

ချစ်နိုင်(စိတ်ပညာ)

(၁)

**လူ့ဘုံဌာန**

ဘူမိဘုံဆိုသည်မှာ သတ္တဝါအမျိုးမျိုးတို့၏ ဖြစ်ထွန်းပေါ်ပေါက်ရာဌာန၊ ကျင်လည်ကျက်စားရာဌာနကို ခေါ်ဆိုသည်။ လူ့ဘုံဌာန လူ့ဘဝကို ရလာသခိုက်တွင် ဘဝတစ်ခုကို အကျိုးရှိအောင် အသုံးပြုသင့်ကြပေသည်။ လူ့ဘုံသည် လူဦးရေသန်းပေါင်း ၆၅၀၀ကျော်နေပြီ။ ခရစ်နှစ် ၂၀၂၀ဆိုလျှင် လူဦးရေသည် ကမ္ဘာပေါ်တွင် သန်းပေါင်း ၈၀၀၀အထိ ရှိလာလိမ့်မည်ဟု တွက်ချက်ခန့်မှန်းကြပါသည်။ မနုသတ္တာဘာဝေါ၊ ဒုလ္လဘော၊ လူ့ဘုံဌာန လူ့ဘဝကား ရခဲလှပေစွဟုဆိုခြင်းသည် ဟုတ်ပါ့မလား။ အချို့က သံသယဝင်တတ်၏။ သန်းပေါင်းထောင်ဂဏန်းမျှမကသော ကုန်းသတ္တဝါ၊ ရေသတ္တဝါအမျိုးမျိုးနှင့် ငရဲဘုံ၌ ခံစားနေကြရကုန်သော ကုဋေပေါင်း သောင်းသိန်းရှိကြသည့် ငရဲသားတို့ကိုမြင်ရလျှင် နားလည်လက်ခံကာ ''ဩော်-ဒါကြောင့်ကိုး''ဟု သဘောပေါက်သွားမည်ပင်။

အတ္တဝါဒုပါဒါန်ဟူသော ဒိဋ္ဌိဂတသမ္ပယုတ်စိတ်(၄)ပါး၌ယှဉ်သော ဒိဋ္ဌိစေတသိက်သည် မည်သူကပြောပြော၊ မည်သည့်ဆရာကဟောဟော၊ မည်သို့သော ပုဂ္ဂိုလ်မျိုးကလာ၍ ပြုပြင်ပြုပြင်၊ အစွဲမကျွတ်ရှာပေ။ ဘုရားရှင်ကိုယ်တော်မြတ်ကချွတ်မှသာ ကျွတ်နိုင်ပါသည်။ ကြောက်စရာ စွဲမြဲမှုအယူလွဲ။

**ဥပဒ်ဖြစ်ရသည်**

ကာမုပါဒါန်ဟူသည် ကာမဂုဏ်အာရုံတို့၌ ပြင်းထန်လွန်ကဲစွာ စွဲလမ်းမှုဖြစ်၏။ အဆင်း၊ အနံ့၊ အရသာစသည့် အာရုံ (၆)ပါးတို့တွင် ခုံမင်တပ်မက်ခြင်း၌ အရင်းခံသည်။ သာဓကဆိုရလျှင်-

ဖားကိုမျိုနေသောမြွေ။

ကြွက်ကိုခဲထားသောကြောင်။

ဂုဏ်ထူး၊ ဘွဲ့ထူး၊ ရာထူး၊ အာဏာ၊ အဆောင်အယောင်၊ ဂုဏ်ပြုချီးမြှောက်မှု၊ စည်းစိမ်စသည်တစ်ခုခုကို လွန်ကဲစွာ တပ်မက်စွဲလမ်းခြင်းနှစ်ဆယ်ကြာသည့်တိုင် လွဲမှားမှန်းမသိ။ ပြည်သူတို့၏သဘောထားနှင့် ခံစားချက်ကို ကြည့်လည်းမကြည့်၊ ထည့်ပြီးမစဉ်းစား။ စာနာသနားခြင်းမရှိ။ ပကတိအခြေအနေမှန်ကိုလည်း မသုံးသပ်။

ဣဒံသစ္စာဘိနိဝေသကာယဂန္ထ=အယူမှားကို ယူပြီးလျှင် ငါ့အယူသာ အမှန်။ ကျန်အယူအားလုံးသည် အလွဲအမှားချည်းဟု လွန်လွန်ကဲကဲ မှားယွင်းစွာ စွဲလမ်းသောအယူ။

**မာနနှင့်ဒိဋ္ဌိ**

ယင်းကို တရားကိုယ်သဘောအားဖြင့် ဒိဋ္ဌိစေတသိက်ဟုခေါ်၏။ ဒုစရိုက်တရား(၁၀)ပါးထဲတွင် ဒိဋ္ဌိသည် အဆိုးရွားဆုံးဖြစ်ကြောင်း ဗုဒ္ဓဘာသာဝင်များ နားလည်ကြ၏။

''ငါမှ ငါ။ ငါပါမှဖြစ်မှာ။'' မာန။

''ငါပြောတာပဲ အမှန်၊ ငါယူဆတာသာလျှင် အမှန်။

အခြားနည်းလမ်းဟူသမျှ ဘာဆိုဘာမှ လုံးဝလက်မခံ။'' ဤသည်ကား မှားယွင်းစွာ စွဲလမ်းသော အယူဆိုးတည်း။

ထို့ကြောင့် ခံစားရမည့် အကျိုးဆက်ကား မိမိက အလိုဆိုးဖြင့် ဖျက်ဆီးနင်းချေချင်သော ဗျာပါဒကာယဂန္ထနှင့်အညီ မကောင်းကျိုးသာလျှင် ရပေလိမ့်မည်။ ဘယ်သူမပြု မိမိမှု။

×××××

**ပရမတ္ထသဘောသည် ပုဂ္ဂိုလ်မရွေးပါ။**

**ထိုသူပြုသမျှသော ကုသိုလ်၊ အကုသိုလ်၏ ကောင်းကျိုးနှင့်ဆိုးကျိုးကို ကိုယ်တိုင်ခံစားကြရမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကောင်းရာကောင်းမှုကို ကိုယ်တိုင်လည်း ပါဝင်ကြရမည်။ တိုက်လည်း တိုက်တွန်းကြရမည်။ ချီးလည်းချီးမွမ်းကြရမည်။ စိတ်သဘောလည်း တူကြရမည်။ ရေများလျှင် ရေနိုင်ပေမည်။ လောကသည် အေးချမ်းသာယာမပျက်ပါ။**

**အဆင်ပြေစေ**

''နေ့စဉ်ဘဝတွင် ကုသိုလ်စိတ်များများဖြစ်အောင် ကျင့်ကြည့်ရာ ပတ်ဝန်းကျင်နှင့် ပိုမိုအဆင်ပြေကြောင်း တွေ့ရပါသည်''ဟု ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ နမ့်စီးအောင်ရပ်မှ ဒေါ်ဝင်းငွေက ပြောပြဖူးလေသည်။ ဆက်၍ စဉ်းစားမိသောအချက်မှာ နေ့စဉ်ဘဝတွင် အကုသိုလ်စိတ်များ ရင့်သန်တိုးပွားနေသူတို့အဖို့မူ ပတ်ဝန်းကျင်နှင့် အဆင်မပြေနိုင်ကြောင်း တွေ့ကြုံရမည်ဟူသည့် နိယာမဖြစ်ပါသည်။

၂၃½ ဒီဂရီစောင်းပြီး လည်ပတ်နေသော ကမ္ဘာကြီးကို မတည့်ရကောင်းလားဟုစောင်းမြောင်းငြူစူ ငြိုငြင်နေသည့် ထိုသူသည်သာလျှင် စောင်းကန်းစောင်းကန်းနှင့် စိတ်ဆင်းရဲရမည်။

**ဒေါသသည် ပူလောင်သည်**

''လောကကြီးက မတရားဘူးကွ၊ ဆူပူကြ၊ အုံကြွကြ၊ ဖျက်ဆီးမီးရှို့ကြ''ဟု အလုံးစုံ လုံးဝဉဿုံ ပျက်သုဉ်းရေးကို ကြံစည်လုပ်ဆောင်နေကြသူများသာလျှင် ''ဗျာပါဒကာယဂန္ထ''ဟူသော အလိုဆိုးဖြင့် ထုံးချည်ထားခြင်း ဒေါသစေတသိက်ကြောင့် ယင်းတို့ကိုယ်တိုင် ပူပြင်းလောင်မြိုက်ကြရသည်။ ညှိုးနွမ်းနိမ့်ကျကြရရှာသည်။ ဒေါသသည် ဆိုးကျိုးအပြစ်ကိုသာ ရရှိစေမည့် ပရမတ္ထသဘောကို မည်သူမှ မလွန်ဆန်နိုင်။

''ဆူကြပါလား၊ ပူကြပါလား''ဟု ဒေါသဖြင့် လှုံ့ဆော်နေသူတို့သည် ယင်းကိုယ်တိုင်၏ ဒေါသကြောင့် လောင်ကျွမ်းခြောက်ခန်းကာ မွဲသွေ့သွေ့ဖြစ်သွားရမည်မှာ သေချာပါသည်။ သူတစ်ပါးက မကယ်ယူနိုင်ချေ။ ဘယ်သူမပြု မိမိမှုပေတကား။

×××××

(၂)

**ဥပါဒါန်ကြောင့်**

**ဥပါဒါန်တရားသည် ကြောက်စရာကောင်းသည့် အရာတစ်ခုဖြစ်၏ မြန်မာစကားဥပါဒါန်သည် ပါဠိသက်ဝေါဟာရပင်ဖြစ်၏။ ပါဠိစကား ဥပါဒါနကို မြန်မာက သိမ်းသွင်းပြောင်းလဲယူခဲ့သည်။ ဥပါဒါန၏ ပင်ရင်းအဓိပ္ပာယ်မှာ လွန်လွန်ကဲကဲ စွဲမြဲစွာယူခြင်း၊ ပြင်းထန်စွာ စွဲလမ်းယုံကြည်မှုကို ခေါ်ဆိုသည်။**

**ဥပါဒါန်တရား(၄)ပါးရှိပါသည်။ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်နှင့် အတ္တဝါဒုပါဒါန်တို့ဖြစ်ကြ၏။ ကာမုပါဒါန်သည် တရားကိုယ်အားဖြင့် လောဘစေတသိက်ဖြစ်၏။ ကျန်သော ဥပါဒါန်သုံးပါးကား ဒိဋ္ဌိစေတသိက်များဖြစ်ကြ၏။**

ဟူသမျှတို့သည် ကာမုပါဒါန်ဖြစ်၏။ တရားကိုယ်က လောဘစေတသိက်။ အယူလွဲသော ဒိဋ္ဌိစေတသိက်နှင့် ပေါင်းသောအခါ အသက်ကိုပင် စွန့်လွှတ်ကာ အစွဲပြင်းထန်စေပါသည်။

ရှေးက ဆစ်ခ်လူမျိုး ပန်ချာပီစစ်သည်တို့မှာ ယုံကြည်စွဲမြဲမှုတစ်ခုရှိသည်။ ရန်သူ၏ ဓား၊ လှံသို့မဟုတ် ကျည်ဆန်သည် ရင်ဘတ်မှာ ထိုးစိုက်ထိမှန်၍ သေလွန်ပါက ကောင်းရာဘုံဘဝသို့ ရောက်၏။ နောက်ကျောမှာမှန်ပြီး သေရပါက ထိုသူသည် ငရဲဘုံသို့ ကျရောက်၏။ ထို့ကြောင့် စစ်ပွဲ၊ တိုက်ပွဲတို့တွင် ဘယ်သောအခါမှ နောက်ပြန်မဆုတ်။ ရှေ့သို့သာ ရဲရဲတက်တိုက်ကာ အသေခံတတ်ကြသည်။ ပန်ချာပီတွေက တိုက်ရည်ခိုက်ရည်ရှိသည်ဟု အင်္ဂလိပ်စစ်ဗိုလ်တွေက မြှောက်ပေး၏။ အမှန်မှာ သူတို့၌ အယူလွဲသော အစွဲတစ်ခုရှိခဲ့သောကြောင့် နောက်ပြန်မလှည့်ခြင်းသာ ဖြစ်ပါ၏။

အသေခံဗုံးခွဲတိုက်ခိုက်မှုတွေ နှစ်ဆယ့်တစ်ရာစုထဲမှာ များစွာဖြစ်ပေါ်လာနေသည်။ အမေရိကန်အမြွှာမျှော်စင်ကြီးကို လေယာဉ်ပျံကြီးနှစ်စင်းဖြင့် အသေခံပြီး တိုက်ပွဲဝင်သူလည်းရှိသည်။ အီရတ်မှာ၊ အာဖဂန်နစ္စတန်မှာ၊ ပါကစ္စတန်မှာ အသေခံပြီး ဗုံးခွဲမှုတွေ ဖြစ်နေကြသည်။ အသေခံပြီး တိုက်ခိုက်ရခြင်းအတွက် နောင်ဘဝ သူကောင်းကျိုးရရှိမည်ဟု သူ့ခေါင်းထဲမှာစွဲအောင် သွတ်သွင်းလေ့ကျင့်ခံခဲ့ရ၏။

**အယူ၊အစွဲ၊အလွဲ**

**အမုန်းကို အရင်းခံသဖြင့် အမုန်နှင့်ဝေးသည်။**

**အမှားတစ်ခုမှ အမှန်သို့ရောက်အောင် တော်တော်ခက်ခဲ၏။ အလွန်အမင်း ပြင်းထန်စွာ စွဲလမ်းခြင်းနှင့် အယူအဆ လွဲမှားခြင်း၊ ကာမုပါဒါန်နှင့် ဒိဋ္ဌုပါဒါန်ကား မိမိတို့ကိုယ်တိုင် အကြိမ်ကြိမ် အဖန်ဖန်စိစစ်သုံးသပ်၍ အကျိုးအပြစ်ဆန်းစစ်ပါမှသာ အမြင်မှန်ရနိုင်၏။ ဘာသာတရားအဆုံးအမနှင့် ဝေးသူတို့မှာ မသိရှာ။**

''အဖြေတစ်ခုပဲပေးပါ။ တစ်ရာပေးလျှင်ပေး။ မရလျှင် သုညပေး။ ဒီနှစ်ခုထဲက တစ်ခုခုပဲရွေးချယ်ပါ။ အခြားမရှိရ။

All or None

ပြဿနာမှာ ဤအဖြေတစ်ခုခုသာ ရှိရမည်။

အခြားနည်းလမ်းဟူသမျှ လာမပြောနှင့်။ မရဘူး။

အခြားချဉ်းကပ်နည်းဟူသမျှ ဘာမှ လက်မခံဘူး။

အကြွင်းမဲ့နှင့် လုံးဝ။ ဒါပဲ ....''ရာနှုန်းပြည့်နှင့် သုညတဲ့။

တစ်ခုခုသာပဲ ဖြစ်ရမည်ဟု မစွန့်လွှတ်နိုင်ဘဲ စွဲစွဲလမ်းလမ်းပြင်းထန်စွာ စွဲပိုက်ယူထားခြင်းသည် ကောင်းကျိုးရနိုင်ပါမည်လော။ နှစ်ပေါင်းနှစ်ဆယ်ကြာသည့်တိုင် ...

(၃)

**သင်ခန်းစာ**

အာဇာနည်ခေါင်းဆောင်ကြီးများလည်း နယ်ချဲ့မျက်နှာဖြူစစ်ဗိုလ်များက ခိုးထုတ်ပေးသော စတင်းဂန်းသေနတ်နှင့် ကျည်ဆန်များနှင့် အကြမ်းဖက်သမားတစ်စု၏ပစ်ခတ်လုပ်ကြံခံရကာ ကျဆုံးခဲ့သည်။ လွတ်လပ်ရေးတိုက်ပွဲဝင် သူရဲကောင်းများစွာသည်လည်း သေလွန်ခဲ့ကြပေပြီ။ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲဝင် ခေါင်းဆောင်များ ယခုအခါ မရှိကြတော့ပေ။

ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်ချုပ်နေဝင်း၊ ဗိုလ်ဇေယျ စသည် ... သမ္မတကြီး စဝ်ရွှေသိုက်၊ ဆမားဒူးဝါးဆင်ဝါးနောင်၊ သခင်နု၊ သခင်တင်၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ မန်းဝင်းမောင်၊ သခင်သန်းထွန်း၊ သခင်စိုး၊ သခင်သိန်းဖေ(ဦးသိန်းဖေမြင့်)စသည့် ပုဂ္ဂိုလ်များသည် မည်သူမှ အသက် ၁၀၀ မနေရ။ သူတို့ခေတ်၊ သူတို့ကာလမှာ သမိုင်းအခြေအနေက တောင်းဆိုသော လွတ်လပ်ရေး၊ တိုးတက်ရေး၊ ငြိမ်းချမ်းရေးတာဝန်များကို အစွမ်းကုန်ထမ်းရွက်သွားကြသည်။

လွန်ခဲ့သောနှစ်ပေါင်း ၆၀ ကို ပြန်လည်ပြီး ခြသေ့်လည်ပြန် ငဲ့စောင်းကြည့်လျှင် စိတ်မကောင်းစရာ သင်ခန်းစာတစ်ရပ်ကို တွေ့ကြရမည်။ စည်းလုံးမှု၏အားနှင့် ပြိုကွဲခြင်း၏ နစ်နာမှုများ။

နယ်ချဲ့ဗြိတိသျှနှင့် ဖက်ဆစ်ဂျပန်တို့ကို စုစုစည်းစည်း ညီညီညွတ်ညွတ် ဦးဆောင်တော်လှန်ခဲ့ကြသော ကျွန်ုပ်တို့ခေါင်းဆောင်များသည် လွတ်လပ်ရေးလည်း ရလာရော သူကဦးဆောင်ရမှ၊ ငါဆရာလုပ်ရမှ၊ ငါနေရာရမှ ဟူသော အတ္တအစွဲ၊ ပုဂ္ဂိုလ်ရေး ကျဉ်းမြောင်းသော လောဘဇောတွေကြောင့် တိုင်းပြည်သည် ဝါးအစည်းပြေသကဲ့သို့ စည်းလုံးညီညွတ်ရေးပြိုကွဲကာ လက်နက်ကိုင်တိုက်ပွဲများအထိ အစွန်းရောက်အောင် လွဲမှားခဲ့ကြသည်။ အချင်းချင်း ရန်လုပ် စစ်ခင်းခဲ့ကြသည်။

စစ်သည် အရာရာကို လောင်မြိုက်ပျက်စီး၏။ စစ်ဖြင့်ဖြေရှင်းသဖြင့် တိုးတက်ကြီးပွားလာသော တိုင်းပြည်ဟူ၍ မရှိ။ ပြည်သူသည် မြေစာပင်ဖြစ်ရ၏။

**စစ်၏သဘော**

စစ်ပွဲတွေ အချိန်ကြာရှည်သဖြင့် ကောင်းကျိုးတွေဖြာဝေပေးသည်ဟူသောနိုင်ငံ ကမ္ဘာပေါ်မှာမရှိပါ။ စစ်၏ဆိုးကျိုးအနိဋ္ဌာရုံကို စစ်ခေါင်းဆောင်များက ကောင်းစွာသိကြ၏။ ကိုယ်တွေ့တိုက်ပွဲဝင်ခဲ့ရသဖြင့် စစ်၏သဘောသဘာဝနှင့် ဖျက်ဆီးပျက်သုဉ်းပုံများကို ကိုယ်တိုင်မြင်ကြ သိကြ၏။

မျက်ကန်းတစ္ဆေမကြောက်၊ စစ်၏သဘော...
ဦးတည်လှုံ့ဆော်နေသည်။ လူတွေသေအောင် ...
ဖျက်ဆီးကြ၊ လုံးဝ အကြွင်းမဲ့ချေမှုန်းကြရန် ဒေါ...

ပြည်သူတွေလိုလားသည်ကား တိုးတက်...
စေခဲ့သော ပြည်တွင်းလက်နက်ကိုင် ဆူပူမှုအမျ...
သိကြ၏။ ပြည်သူအများ နားလည်ကြ၏။

သူများတိုင်းပြည်တွေလို မအေးချမ်းခဲ့။

သူများတိုင်းပြည်တွေလို မဖွံ့ဖြိုးနိုင်သေး။

**စစ်နှင့်ငြိမ်းချမ်းရေး**

**စစ်နှင့်ငြိမ်းချမ်းရေး ?**

**ကဲ...ဘာကိုရွေးချယ်မည်နည်း။ ပြည်သူ...**
**ပြည်ထောင်စုသားချင်း၊ ပြည်သူ အချင်းချင်း၊ ...**
**ကြက်လည်းပန်းစေ သွေးတိုးနေသော ခေတ်သ...**
**အဝေးလေလှိုင်းသံမှ တွန်းပို့နှိုးဆွနေသောအ...**
**တိုးတက်မှုအတွက် ဝေးရပေလိမ့်မည်။**
**ဘယ်သူမပြု မိမိမှု။**

**အပြုနှင့်အဖျက်**

**အပြုနှင့်အဖျက်။**

**ဘက်နှစ်ဖက်ရှိပါသည်။**

**ငြိမ်းချမ်းရေးက အပြုဘက်ကဖြစ်၏။**

**ငြိမ်းချမ်းမှ တည်ငြိမ်မည်။ တည်ငြိမ်မှ လုံ...**
**လုပ်ဆောင်နိုင်ကြမည်။ အကောင်အထည်ပေါ်...**
**ဘဝများလည်း ရေမြင့်ကြာတင့် တိုးတက်ဖွံ့...**

စစ် သို့မဟုတ် ဖျက်ဆီးရေး။

လမ်းပေါ်ထွက်အော်သော နိုင်ငံရေးသည်...
ဗျူဟာ ကောင်းကျိုး ဘာမှမရည်ရွယ်။ ပြိုကွဲပျ...
ပုံအောင် မီးရှို့ပြီးမှ ပြာပုံပေါ်မှာ လောကသစ်...

ရက်စက်သည်နှင့်အမျှ အယူလွဲလှသည်။...
ကြီးမားစွာ ပေးတော့မည်။ မည်သူကမှ လက်...

**အမုန်းအလိုမရှိ**

အသက်ကိုးဆယ်ကျော်ပြီးဖြစ်သော စာ...

**''ရန်သူမရှိ၊ မိတ်ဆွေသာရှိ။ (ရန်မလိုပါ...**

**မုန်းသူမရှိ၊ ချစ်သူသာရှိ။ (မေတ္တာထား...**

**နိုင်ငံရေးလုပ်တယ်ဆိုတာ ရန်သူကို မိတ်ဆွေ...**
တိုင်းဆူပြည်ဖျက် မီးမွှေးကြမည့် အဖျက်သမ...
အမှားဒဏ်ကို ပြည်သူများ မခံစားရအောင် ...

**အေးချမ်းသာယာပါစေ**

**အပြုသည် ခက်ခဲ၏။ အချိန်ယူကာ ထု...**

**အဖျက်သည် လွယ်ကူ၏။ မီးခြစ်တစ်ခု...**

**တိုင်းပြည်တိုးတက်အောင်၊ ပြည်သူပြည်သ...**
**နိုင်ခဲ့ကြပါပြီ။**

**လူပုဂ္ဂိုလ် ဦးဖြူ၊ ဦးမည်း အရေးမကြီး...**

**လူ့ဘောင် ငြိမ်းချမ်းသာယာဖွံ့ဖြိုးအောင်...**
**သူများသည် မေတ္တာ(အဒေါသ) စေတသိက်ဖြ...**
**မည်သူမည်ဝါ မဆိုလိုပါ။ အားလုံးအဝင်အပါ...**

ငနက်၊ ငညို ဘယ်သူမဆို ဗျာပါဒသ...
ဒေါသဟိတ်ကြောင့် သူနှင့်တကွ အပေါင်းပါ...

**ဖွံ့ဖြိုးတိုးတက်ပါစေ**

**ပရမတ္ထသဘောသည် ပုဂ္ဂိုလ်မရွေးပါ။**

**ထိုသူပြုသမျှသော ကုသိုလ်၊ အကုသိုလ်...**
**သည်။ သို့ဖြစ်ပါ၍ ကောင်းရာကောင်းမှုကို ကို...**
**ချီးလည်းချီးမွမ်းကြရမည်။ စိတ်သဘောလည်...**
**အေးချမ်းသာယာမပျက်ပါ။**

**ဆူပူအကြမ်းဖက် ဖျက်ဆီးလိုသူတို့သည်...**
**ဗျာပါဒဝိတက်ကြောင့် သူ၏ဒုစရိုက်အမှားနှင့်...**
**မိမိမှုပဲ မဟုတ်လား။ ။**

**ဆူပူအကြမ်းဖက် ဖျက်ဆီးလိုသူတ...**
**တစ်ဆုပ်စာ လူနည်းစုသာ ဖြစ်ပါ၏...**
**ဗျာပါဒ ဝိတက်ကြောင့် သူ၏ ဒုစရိုက်...**
**စွာ သူ့လမ်းသူ သွားကြပေလိမ့်မည်။ ...**
**မဟုတ်လား။**

မျက်ကန်းတစ္ဆေမကြောက်၊ စစ်၏သဘောသဘာဝကို နားမလည်သူအချို့က အကြမ်းဖက်စစ်ပွဲဆင်နွှဲရန်ပဲ ဦးတည်လှုံ့ဆော်နေသည်။ လူတွေသေအောင် ဖုံးခွဲဖို့ အမြဲကြိုးစားနေကြသည်။ မီးရှို့နေသည်။ ဆူကြ ပူကြ ဖျက်ဆီးကြ၊ လုံးဝ အကြွင်းမဲ့ချေမှုန်းကြရန် ဒေါသနှင့်ငေါငေါ သွေးထိုးနေတတ်ကြ၏။ လွဲချော်နေကြပါသကော။

ပြည်သူတွေလိုလားသည်ကား တိုးတက်ရေး။ တိုင်းပြည်ကို နှစ်ပေါင်းများစွာ ခေတ်နောက်ကျ ကျန်ရစ်စေခဲ့သော ပြည်တွင်းလက်နက်ကိုင် ဆူပူမှုအမျိုးမျိုး၏ အနိဋ္ဌာရုံတွေကို သားတကွဲ မယားတကွဲ တောနေလူထု သိကြ၏။ ပြည်သူအများ နားလည်ကြ၏။

သူများတိုင်းပြည်တွေလို မအေးချမ်းခဲ့။

သူများတိုင်းပြည်တွေလို မဖွံ့ဖြိုးနိုင်သေး။

**စစ်နှင့်ငြိမ်းချမ်းရေး**

**စစ်နှင့်ငြိမ်းချမ်းရေး ?**

**ကဲ…ဘာကိုရွေးချယ်မည်နည်း။ ပြည်သူအားလုံးက ကောင်းစွာနားလည်ကြပါသည်။ တိုင်းရင်းသားချင်း၊ ပြည်ထောင်စုသားချင်း၊ ပြည်သူ အချင်းချင်း၊ အကွဲကွဲ အပြိုပြို တိုက်ခိုက်သတ်ပုတ်ပြီး ယာလည်းညက်စေ၊ ကြက်လည်းပန်းစေ သွေးထိုးနေသော ခေတ်သစ်ကိုလိုနီ၏ ဉာဏ်နီဉာဏ်နက်များကိုလည်း မြင်တတ်နေပါပြီ။ အဝေးလေလှိုင်းသံမှ တွန်းပို့နှိုးဆွနေသောအဖျက်ဘက်ကို သံယောင်လိုက်မိပါက ဘယ်သူမပြု မိမိမှု၊ တိုးတက်မှုအတွက် ဝေးရပေလိမ့်မည်။**

**ဘယ်သူမပြု မိမိမှု။**

×××××

(၄)

**အပြုနှင့်အဖျက်**

**အပြုနှင့်အဖျက်။**

**ဘက်နှစ်ဖက်ရှိပါသည်။**

**ငြိမ်းချမ်းရေးက အပြုဘက်ကဖြစ်၏။**

**ငြိမ်းချမ်းမှ တည်ငြိမ်မည်။ တည်ငြိမ်မှ လုံခြုံမည်။ လုံခြုံမှ တည်ဆောက်ထူထောင်ရေးများ အားစိုက်ခွန်စိုက် လုပ်ဆောင်နိုင်ကြမည်။ အကောင်အထည်ပေါ်ကြမည်။ ဤအခါတွင် ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေး ဘဝများလည်း ရေမြင့်ကြာတင့် တိုးတက်ဖွံ့ဖြိုးလာကြမည်။**

စစ် သို့မဟုတ် ဖျက်ဆီးရေး။

လမ်းပေါ်ထွက်အော်သော နိုင်ငံရေးသည် အဆင့်အတန်းအနိမ့်ဆုံး နိုင်ငံရေး။ သူတို့က အနာဂတ် မဟာ ဗျူဟာ ကောင်းကျိုး ဘာမှမရည်ရွယ်။ ပြိုကွဲပျက်ပြားဖို့ကိုသာလျှင် ရည်ရွယ်သည်။ အားလုံးကို အရိုးတောင်လို ပုံအောင် မီးရှို့ပြီးမှ ပြာပုံပေါ်မှာ လောကသစ်တည်ဆောက် အောင်ပွဲခံမည်။ ယစ်မူးခက်ထန်လှ၏။

ရက်စက်သည်နှင့်အမျှ အယူလွဲလှသည်။ အတွေးတိမ်သည်နှင့်အမျှ ပတ်ဝန်းကျင်ကို ဆိုးကျိုးအပြစ်များ ကြီးမားစွာ ပေးတော့မည်။ မည်သူကမှ လက်မခံကြ။

**အမုန်းအလိုမရှိ**

အသက်ကိုးဆယ်ကျော်ပြီးဖြစ်သော စာရေးဆရာ ကဗျာဆရာကြီး ဒဂုန်တာရာက ရေးသားဖူးပါသည်-

**"ရန်သူမရှိ၊ မိတ်ဆွေသာရှိ။ (ရန်မလိုပါနှင့်)**

**မုန်းသူမရှိ၊ ချစ်သူသာရှိ။ (မေတ္တာထားပါလေ)**

**နိုင်ငံရေးလုပ်တယ်ဆိုတာ ရန်သူကို မိတ်ဆွေဖြစ်လာအောင်လုပ်တာ"** တဲ့။ နိုင်ငံရေးလုပ်သည်ဟု အရေခြုံပြီး တိုင်းဆူပြည်ဖျက် မီးမွှေးကြမည့် အဖျက်သမားများအား ကျွန်ုပ်တို့လက်ဦးအောင် တားဆီးကြပါစို့။ သူတို့ အမှားဒဏ်ကို ပြည်သူများ မခံစားရအောင် ကာကွယ်ကြပါစို့။

×××××

(၅)

**အေးချမ်းသာယာပါစေ**

**အပြုသည် ခက်ခဲ၏။ အချိန်ယူကာ ထူထောင်ကြရ၏။**

**အဖျက်သည် လွယ်ကူ၏။ မီးခြစ်တစ်ခုနှင့် မီးရှို့လို့ရ၏။**

**တိုင်းပြည်တိုးတက်အောင်၊ ပြည်သူပြည်သားများ အေးချမ်းလုံခြုံအောင် နှစ်နှင့်ချီ၍ စည်းရုံးတည်ဆောက် နိုင်ခဲ့ကြပါပြီ။**

**လူပုဂ္ဂိုလ် ဦးဖြူ၊ ဦးမည်း အရေးမကြီးပါ။**

**လူ့ဘောင် ငြိမ်းချမ်းသာယာဖွံ့ဖြိုးအောင် ဆောင်ရွက်ခြင်းဟူသမျှမှာ တစ်ယောက်တစ်လက် ပါဝင်ကြ သူများသည် မေတ္တာ(အဒေါသ) စေတသိက်ဖြင့် ကုသိုလ်ပြုသူများပင်ဖြစ်ကြ၏။ ကောင်းကျိုးမှချရကြမည်။ မည်သူမည်ဝါ မဆိုလိုပါ။ အားလုံးအဝင်အပါ။**

နေကဲ၊ ညဲ ဘယ်သူမဆို ဗျာပါဒသဘောဖြင့် ဆူပူအကြမ်းဖက် ဖျက်ဆီးဖြိုခွဲလိုသူမှန်သမျှသည် ဒေါသဟိတ်ကြောင့် သူနှင့်တကွ အပေါင်းပါ၊ ပတ်ဝန်းကျင်သည် ပျက်စီးကြရမည်သာ။

**ဖွံ့ဖြိုးတိုးတက်ပါစေ**

**ပရမတ္ထသဘောသည် ပုဂ္ဂိုလ်မရွေးပါ။**

**ထိုသူပြုသမျှသော ကုသိုလ်၊ အကုသိုလ်၏ ကောင်းကျိုးနှင့် ဆိုးကျိုးကို ကိုယ်တိုင်ခံစားကြရမည် ဖြစ်ပါ သည်။ သို့ဖြစ်ပါ၍ ကောင်းရာကောင်းမှုကို ကိုယ်တိုင်လည်းပါဝင်ကြရမည်။ တိုက်လည်းတိုက်တွန်းကြရမည်။ ချီးလည်းချီးမွမ်းကြရမည်။ စိတ်သဘောလည်း တူကြရမည်။ ရေများလျှင် ရေနိုင်ပေမည်။ လောကသည် အေးချမ်းသာယာမပျက်ပါ။**

**ဆူပူအကြမ်းဖက် ဖျက်ဆီးလိုသူတို့သည်ကား လက်တစ်ဆုပ်စာ လူနည်းစုသာဖြစ်ပါ၏။ သူ၏ အကုသိုလ် ဗျာပါဒဝိတက်ကြောင့် သူ၏ဒုစရိုက်အမှားနှင့် ထိုက်တန်စွာ သူ့လမ်းသူ သွားကြပေလိမ့်မည်။ ဘယ်သူမပြု မိမိမှုပဲ မဟုတ်လား။** ။

…် ဖျက်ဆီးလိုသူတို့သည်ကား လက်
…ုံးစုသာ ဖြစ်ပါ၏။ သူ၏ အကုသိုလ်
…င့် သူ၏ ဒုစရိုက်အမှားနှင့် ထိုက်တန်
…းကြပေလိမ့်မည်။ ဘယ်သူမပြု မိမိမှုပဲ

## တတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဇူလိုင် ၂၁

**အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၉ ခုနှစ် တတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေ ၄နာရီတွင် နေပြည်တော်အားကစားကွင်း၊ နေပြည်တော်ပျဉ်းမနား(ပေါင်းလောင်း) အားကစားကွင်းနှင့် နေပြည်တော်လယ်ဝေး အားကစားကွင်းတို့၌ ဆက်လက်ကျင်းပရာ သက်ဆိုင်ရာ ကွင်းအသီးသီး၌ ယှဉ်ပြိုင်ကစားကြမည့် ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစား ဝါသနာရှင်များ တက်ရောက် ကြည့်ရှု အားပေးကြသည်။**

နေပြည်တော်အားကစားကွင်း၌ ကျင်းပသော ပွဲစဉ်တွင် (ဃ)အုပ်စုမှ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအသင်းနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

နေပြည်တော် ပျဉ်းမနား (ပေါင်းလောင်း)အားကစားကွင်း၌ ကျင်းပသောပွဲစဉ်တွင် (င)အုပ်စုမှ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းနှင့် တရားရုံးချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၁)စက်မှု ဝန်ကြီးဌာနအသင်းက ၁၀ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

### (င)အုပ်စု

နေပြည်တော်လယ်ဝေး အားကစားကွင်း၌ ကျင်းပသော ပွဲစဉ်တွင် (င) အုပ်စုမှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာနအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

### ယှဉ်ပြိုင်ကစားကြမည်

ဇူလိုင် ၂၂ရက် ညနေ ၄နာရီတွင် နေပြည်တော်အားကစားကွင်း၌ (စ)အုပ်စုမှ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ နေပြည်တော်ပျဉ်းမနား(ပေါင်းလောင်း) အားကစားကွင်း၌ (စ)အုပ်စုမှ ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေး ဝန်ကြီးဌာနအသင်း၊ နေပြည်တော်လယ်ဝေး အားကစားကွင်း၌ (ဆ)အုပ်စုမှ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမ ဝန်ကြီးဌာနအသင်းတို့ အသီးသီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❒ *ကျောဖုံးမှ*

*သို့သော် အိန္ဒိယနိုင်ငံမှ အာကာသ သိပ္ပံပညာရှင်များက နေကြတ်မှုသည် ဇူလိုင် ၂၂ရက် ဒေသစံတော်ချိန် နံနက် ၅နာရီ ၃၁မိနစ်မှ စတင်မည်ဖြစ်ကြောင်း ပြောကြားသည်။*

*မိုးရွာနေ*

*အိန္ဒိယနိုင်ငံ ဥတ္တရပရာဒေ့ရှ်ပြည်နယ်သည် နေကြတ်ခြင်းကို အထင်ရှားဆုံး မြင်တွေ့ရမည်ဖြစ်ရာ ကမ္ဘာလှည့်ခရီးသည်များနှင့် ပြည်တွင်းမှ လာရောက်လေ့လာသူများ စုပြုံရောက်ရှိနေသော်လည်း ယင်းပြည်နယ်၌ ဇူလိုင် ၂၁ရက်က မိုးများအဆက်မပြတ်ရွာသွန်းနေသဖြင့် နေကြတ်မှုကို ကြည့်ရှုရန် ရောက်ရှိနေသူများ အခက်အခဲ ကြုံတွေ့ရလျက်ရှိသည်။*

*တရုတ်နိုင်ငံတောင်ပိုင်းနှင့် အနောက်တောင်ပိုင်းဒေသများတွင် နေကြတ်မှုကို စောင့်ကြည့်ရန် ပြင်ဆင်ထားသော နေရာ၁၇နေရာ ပြုလုပ်ထားရာ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များနှင့် ပြည်တွင်းမှ တရုတ်နိုင်ငံသားများ ရောက်ရှိနေကြပြီဖြစ်သည်။*

*စနစ်တကျမှတ်တမ်းတင်*

*ယင်းနေရာ ၁၇နေရာ၌ အာကာသအဝေးကြည့် မှန်ပြောင်းနှင့် ဗီဒီယိုကင်မရာများလည်း တပ်ဆင်ထားရာ ၂၁ရာစု၏ အချိန်အကြာဆုံး နေကြတ်မှုကို စနစ်တကျမှတ်တမ်းတင်ထားမည်ဖြစ်သည်။*

*ပြင်ဆင်နေ*

*ဇူလိုင်၂၁ရက်တစ်နေ့တည်း၌ပင် တရုတ်နိုင်ငံ ရှန်ဟိုင်းနိုင်ငံတကာ လေဆိပ်သို့ ကမ္ဘာလှည့်ခရီးသည် နှစ်သိန်းကျော် ရောက်ရှိလာသည်။ ထို့အတူ တရုတ်ပြည်မကြီးမှ ခရီးသည် ၄၀၀၀၀ကျော်လည်း ရောက်ရှိလာရာ နေကြတ်မှုကို စိတ်ဝင်စားစွာ စောင့်ကြည့်ရန် ပြင်ဆင်နေလျက်ရှိသည်။* ။

*(အင်တာနက်)*

## မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း ဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၁**

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းမှ Special Talk အစီအစဉ်အရ AK-Associate Co., Ltd. မှ အကြံပေး ဘူမိဗေဒပညာရှင်ဦးအောင်ကြင်က 'မြန်မာပြည်တွင် သတ္တုတူးဖော်ရေးလုပ်ငန်းများ အောင်မြင်ရေးအကြံပြုခြင်း' ခေါင်းစဉ်ဖြင့် လည်းကောင်း၊ တွင်းစားရေနံကုမ္ပဏီမှ အကြံပေး ဘူမိဗေဒပညာရှင် ဦးဝင်းမောင်က 'မြန်မာနိုင်ငံရှိ ခရိုမိုက်သတ္တုသိုက်များအကြောင်းနှင့် ခရိုမိုက်သတ္တုများ အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့သည့် နည်းစနစ်များ' ခေါင်းစဉ်ဖြင့် ဇူလိုင် ၂၅ရက် (စနေနေ့) မွန်းလွဲ၁နာရီတွင် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းတည်ရှိရာ လှိုင်တက္ကသိုလ်နယ်မြေ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံတွင် Special Talk အစီအစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ အခမဲ့တက်ရောက်နိုင်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

## တန့်ဆည် ဗိုလ်ချုပ်လမ်း ကတ္တရာထပ်ပိုးလွှာခင်း

**တန့်ဆည် ဇူလိုင် ၂၁**

တန့်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့မှဆောင်ရွက်လျက်ရှိသော ဗိုလ်ချုပ်လမ်းကတ္တရာ ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမျိုးဌေး ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ ဦးဇော်သက်နိုင်က ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

**မူးယစ်ကင်းစင် အလှဆင်**

## ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့် ပတ်သက်၍ သိကောင်းစရာများ

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ကူးစက်မှုမြန်သည်။ ကပ်ရောဂါဖြစ်ပွားလျှင် အသက်၊ စီးပွားရေးနှင့် လူမှုရေး ဆုံးရှုံးမှုများ ရင်ဆိုင်ရမည်။ ထိုဆုံးရှုံးမှုများမှ ကာကွယ်ရန် ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရန် အရေးကြီးသည်။

မေး။ ။ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါဆိုတာ ဘာလဲ။

ဖြေ။ ။ ရာသီအလိုက်တုပ်ကွေး၊ ကြက်ငှက်တုပ်ကွေး၊ ဝက်တုပ်ကွေး စသည်ဖြင့် တုပ်ကွေးရောဂါ အမျိုးမျိုး ရှိပါသည်။ ယခုဖြစ်ပေါ်နေသော ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ယခင် တုပ်ကွေးရောဂါများနှင့်မတူဘဲ ရောဂါအသစ်အဆန်းတစ်ခုဖြစ်ပါသည်။ မြောက်အမေရိက ဝက်တုပ်ကွေး၊ မြောက်အမေရိက ကြက်ငှက်တုပ်ကွေး၊ ရာသီလူတုပ်ကွေးနှင့် အာရှ-ဥရောပ ဝက်တုပ်ကွေးတို့ ပေါင်းစပ်ထားသော New Influenza A(H1N1) ဗိုင်းရပ်စ်ပိုးအသစ်ဖြစ်ပါသည်။ လူမှလူသို့ လျင်မြန်စွာ ကူးစက်လျက်ရှိပါသည်။ လူအများသို့ ကူးစက်ပြီး နိုင်ငံတကာသို့ ကူးစက်ပျံ့နှံ့မှု ဖြစ်ပွားနေသဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ (Human Influenza Pandemic) အဆင့်အဖြစ် ၂၀၀၉ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင် ကြေညာခဲ့ပါသည်။

မေး။ ။ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ဘယ်လိုကူးစက်နိုင်ပါသလဲ။

ဖြေ။ ။ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်ပါသည်။ လူနာချောင်းဆိုးခြင်း၊ နှာချေခြင်းဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ ရောဂါဖြစ်သူ၏ ချွဲ၊ သလိပ်၊ ခန္ဓာကိုယ်အရည်၊ အသုံးအဆောင် ပစ္စည်းများကို ကိုင်တွယ် ထိတွေ့ခြင်းမှသော်လည်းကောင်း ကူးစက်နိုင်ပါသည်။

မေး။ ။ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ၏ လက္ခဏာတွေကို ဘယ်လို သိရှိနိုင်ပါသလဲ။

ဖြေ။ ။ (က) ယေဘုယျအားဖြင့် ရာသီတုပ်ကွေးရောဂါ လက္ခဏာများနှင့် ဆင်တူပြီး အောက်ပါလက္ခဏာများ ရှိတတ်ပါသည်-

- အဖျားရှိခြင်း (အပူချိန် ၃၈° C)၊
- နှာရည်ယိုခြင်း၊ နှာချေခြင်း၊
- ချောင်းဆိုးခြင်း၊
- လည်ချောင်းနာခြင်း၊
- ကိုယ်လက်ကိုက်ခဲခြင်း၊
- ခေါင်းကိုက်ခြင်း၊
- အစားအသောက်ပျက်ခြင်း
- တစ်ခါတစ်ရံတွင် ပျို့အန်ခြင်းနှင့် ဝမ်းသွားခြင်း စသည်တို့ ဖြစ်တတ်ပါသည်။

(ခ) ရောဂါပြင်းထန်လာလျှင် အောက်ပါလက္ခဏာများကို တွေ့ရှိ နိုင်ပါသည်-

- အဖျားကြီးလွန်းခြင်း (အပူချိန် ၃၈° C အထက်ရှိခြင်း)၊
- ချောင်းအလွန်ဆိုးခြင်း၊ မောခြင်း၊
- ပင်ပန်းနွမ်းနယ်ခြင်း၊
- အသက်ရှူကျပ်ခြင်း၊ အသက်ရှူခက်ခဲခြင်း၊
- ဂနာမငြိမ်ဖြစ်ခြင်း၊
- သတိလစ်ခြင်း၊
- ထိုသို့ဖြစ်လျှင် ကျန်းမာရေးစောင့်ရှောက်မှု အမြန်ဆုံးခံယူသင့်ပါသည်။

● *ကျော့ဖုံးမှ*

ဆွာအထပ်သားစက်ရုံသည် ရန်ကုန်-မန္တလေး ပြည်ထောင်စုကားလမ်းမကြီး၏ မိုင်တိုင်အမှတ် ၂၀၁မိုင် လေးဖာလုံတွင် တည်ရှိသည်။ နေပြည်တော်နှင့် မိုင် ၅၀ ခန့်သာ ကွာဝေးသည်။ မြန်မာနိုင်ငံ၏ အကြီးဆုံး အထပ်သားစက်ရုံကြီးဖြစ်ပြီး တိုးတက်ခေတ်မီသော စက်ကိရိယာများဖြင့် သုံးထပ်သားမှ ၁၉ထပ်သားအထိ ထုတ်လုပ်နေကြောင်း သိရသဖြင့် ပိုမိုစိတ်ဝင်စားမှုဖြစ်ပေါ်ရသည်။

ပြည်တွင်းဈေးကွက်မှာ သုံးထပ်သား၊ ငါးထပ်သားလောက်သာ တွေ့မြင်ကြားသိနေရခြင်းကြောင့်ပင် ဖြစ်ပါ၏။ ဒီလောက် ၁၉ထပ်သားကို ဘယ်လိုထုတ်လုပ်သလဲ၊ ဘယ်နေရာမှာသုံးမှာလဲဟုလည်း စူးစမ်းလိုစိတ် ဖြစ်ပေါ်လာမိသည်။

မိတ်ဆွေ ကိုအေးသန်းနှင့်အတူ ပဲခူးတိုင်း တောင်ငူခရိုင် ရေတာရှည်မြို့နယ် ဆွာမြို့ "ဆွာအထပ်သားစက်ရုံ"အတွင်းသို့ လေ့လာခွင့်ရခဲ့သည်။ စက်ရုံအဝင်ဝတွင် **"မြန်မာ-ကိုရီးယား အပြည်ပြည်ဆိုင်ရာ သစ်လုပ်ငန်းလီမိတက်"**ဟု ဆိုင်းဘုတ်ကြီးနှစ်ခုက ဆီးကြိုလျက်ရှိသည်။

သုံးဦးပေါင်းစပ်ပြီး မြန်မာ-ကိုရီးယား အပြည်ပြည်ဆိုင်ရာ သစ်လုပ်ငန်းလီမိတက် (Myanmar Korea Timber International Limited.) MKTI အမည်ဖြင့် ဖက်စပ်ကုမ္ပဏီကို ဖွဲ့စည်းတည်ထောင်ကာ ဆွာမြို့ရှိ အထပ်သားစက်ရုံကို စတင်လည်ပတ်ခဲ့ရာ ယနေ့အချိန်အထိဖြစ်ပါကြောင်း"ဖြင့် ဆွာအထပ်သားစက်ရုံ၏ နောက်ခံသမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။

## နည်းပညာ

ဆွာအထပ်သားစက်ရုံသည် ဖက်စပ်လုပ်ငန်းဖြစ်သည်။ မြန်မာ့သစ်လုပ်ငန်းမှ ကုန်ကြမ်းပစ္စည်း သစ်လုံးများ တစ်နှစ်လျှင် တန် ၅၀၀၀၀ ရရှိရေးနှင့် လုပ်ငန်းစီမံအုပ်ချုပ်ရေးကို တာဝန်ယူပြီး အမှုဆောင်ဒါရိုက်တာ နှစ်ဦးပါဝင်သည်။ ဒေဝူးအင်တာနယ်ရှင်နယ်ကော်ပိုရေးရှင်းမှ ဈေးကွက်ဖော်ဆောင်ရေးနှင့် စီမံအုပ်ချုပ်မှုကို တာဝန်ယူပြီး အမှုဆောင်ဒါရိုက်တာနှစ်ဦး ပါဝင်သည်။ ဆမ်မစ်ကော်ပိုရေးရှင်းမှ လုပ်ငန်း တိုးတက်မြင့်မားရေးအတွက် နည်းပညာဆိုင်ရာများ တာဝန်ယူပြီး အမှုဆောင် ဒါရိုက်တာတစ်ဦးပါဝင်ရာ ဖက်စပ်ကုမ္ပဏီဒါရိုက်တာ ငါးဦးဖြင့် ဖွဲ့စည်းထား

**"ကုန်ထုတ်လုပ်မှု ငါးဆ မြင့်တက်လာပြီး အထပ်သားအထွက်နှုန်းလည်း နှစ်ဆကျော် တိုးမြင့်ထွက်ရှိလာပါတယ်"**

ဦးကြည်ထွေးမောင်
စက်ရုံအထွေထွေမန်နေဂျာ။

တိုင်း ဆွာမြို့တွင် အမှတ်(၃)စက်ရုံ၊ ဧရာဝတီတိုင်း ပုသိမ်မြို့တွင် အမှတ်(၄)စက်ရုံ၊ စစ်ကိုင်းတိုင်း မုံရွာတွင် အမှတ်(၅) စက်ရုံ တို့ဖြစ်ပြီး ပဲခူးတိုင်း ဆွာအထပ်သားစက်ရုံမှာ အကြီးဆုံးစက်ရုံဖြစ်သည်။

သားများကို အိန္ဒိယ၊ ထိုင်း၊ ကိုရီးယား၊ စင်ကာပူ၊ အင်္ဂလန်နှင့် နယူးဇီလန်နိုင်ငံများက မှာကြားဝယ်ယူကြခြင်း ဖြစ်ပါကြောင်း၊ သုံးထပ်သား၊ ငါးထပ်သား၊ ခုနစ်ထပ်သားတို့မှာ အိမ်အသုံးအဆောင်အဖြစ် အသုံးပြုကြပြီး ကိုးထပ်သား၊ ၁၁ထပ်သား၊ ၁၃ထပ်သား၊ ၁၉ထပ်သားတို့မှာ ကုန်သေတ္တာကြမ်းခင်းအဖြစ်လည်းကောင်း၊ ပင်လယ်ကူးသင်္ဘောကြီးများ၏ ကုန်းပတ်များအဖြစ်လည်းကောင်း အသုံးပြုခြင်းဖြစ်သည်ဟု သိရပါကြောင်း။"

"ဆွာအထပ်သားစက်ရုံမှ ထုတ်လုပ်သော အထပ်သား ၈၅ရာခိုင်နှုန်းကို ပြည်ပပို့ကုန်သတ်မှတ်ပြီး နိုင်ငံခြား တိုင်းပြည်များသို့ နိုင်ငံခြားငွေဖြင့် ရောင်းချနိုင်ရန် ရောင်းအားမြှင့်တင်ထားခြင်းဖြင့် နိုင်ငံတော်အတွက် နိုင်ငံခြားငွေ ရရှိစေခြင်းဖြစ်ပါကြောင်း၊ ကျန် ၁၅ရာခိုင်နှုန်းဖြစ်သော အထပ်သားများကိုသာ ပြည်တွင်းဈေးကွက်တွင် ရောင်းချပေးပါကြောင်း၊ မြန်မာ့သစ်ကို ကမ္ဘာက နှစ်သက်သည့်အပြင် နည်းပညာတိုးတက်မှုပါ ပေါင်းစပ်ထားသဖြင့် မြန်မာ့အထပ်သားသည် ဈေးကွက်တွင် ဝယ်လိုအားကောင်းနေ၍ နိုင်ငံခြား ဈေးကွက်ကိုပါ ထိုးဖောက်ဝင်ရောက်နေပြီဖြစ်ကြောင်း၊ စက်ရုံအနေဖြင့် ကုန်ထုတ်လုပ်မှု ငါးဆ မြင့်တက်လာပြီး အထပ်သားအထွက်နှုန်းလည်း နှစ်ဆကျော် တိုးမြင့်ထွက်ရှိလာနေပါကြောင်း၊ ဒေသအလုပ်အကိုင် အခွင့်အလမ်းများလည်း ပွင့်လန်းလာပါကြောင်း" မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြခဲ့သည်။

## ထုတ်လုပ်မှု

စက်ရုံအတွင်း အထပ်သားထုတ်လုပ်မှုအဆင့်ဆင့်ကို အထွေထွေမန်နေဂျာက လိုက်လံပြသပေးသည်။ ၁၀တန် ကရိန်းဖြင့် သစ်လုံးကြီးများ မသယ်ပြီး အရွယ်

ဆင့်ကို ခေတ်မီစက်ကိရိယာများ သုံးစွဲထုတ်လုပ်နေသည်ကို မြင်တွေ့ရသည်။ ခေတ်မီကွန်ပျူတာစက်များဖြင့် သစ်ပါးလွှာများကို ရေစိုဓာတ်ပါဝင်မှု တိုင်းခြင်း၊ ကော်ကပ်နှုန်းအား တိုင်းထွာခြင်းတို့ကို နည်းပညာအဆင့်မြင့်မြင့် ပြုလုပ်နေသည်ကို ဂုဏ်ယူဖွယ်တွေ့ရသည်။

## ခေတ်မီစက်ကိရိယာ

ဆွာအထပ်သားစက်ရုံကြီး၏ မြေဧရိယာအကျယ်အဝန်း ၂၇ဧကရှိပြီး သစ်လုံး

နှုန်းများကိုလည်း မူရင်းလစာ၏ ၃၅၀ ရာခိုင်နှုန်းမှ ၅၅၀ရာခိုင်နှုန်း အထိ တွက်ချက်၍ပေးသဖြင့် ဝန်ထမ်းများ ကျေနပ်ဝမ်းမြောက်နေကြကြောင်း သိရသည်။

## အရင်းအနှီး

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးအတွက် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ

အထပ်သား ကော်ကပ်အားနှုန်းကို ခေတ်မီကွန်ပျူတာစက်ဖြင့် ဤသို့စစ်ဆေးတိုင်းထွာသည်။ (မြန်မာ့အလင်း)

ဆွာအထပ်သားစက်ရုံတွင် သတ်မှတ်ချိန်ပြည့်ချိန်၌ အအေးဖိစက်အတွင်းမှ အထပ်သားများကို ဤသို့ထုတ်ယူရသည်။ (မြန်မာ့အလင်း)



ဆွာ အထပ်သားစက်ရုံတွင် နောက်ဆုံးအဆင့် ထွက်ရှိလာသော အထပ်သားများကို ဤသို့ စနစ်တကျ စီရီပေးရသည်။ (မြန်မာ့အလင်း)

## ပန်းဥယျာဉ်ကြီး

တရုတ်စံကားပင်များနှင့် ရွက်လှပင်ရောင်စုံများက တံတိုင်းခြံစည်းရိုးပတ်ပတ်လည် သပ်ရပ်ညီညာစွာ စိုက်ပျိုးထား၏။ စိမ်းစိမ်းစိုစို ပုဏ္ဏရိက်ပင်များကိုလည်း ညီညီညာညာ ကိုက်ညှပ်ထားသည်။ ရုံးခန်း အဆောက်အအုံများကို ကာရံစိုက်ပျိုးထားပုံကလည်း အလှအပမြင်ကွင်းတစ်ခု၊ မြင့်မားရှည်လျားသော အာသောကပင်များ၊ လှပသော အရွက်ဖားကြီးများဖြင့် တောင်ထန်းပင်များကလည်း သဘာဝပန်းချီကားတစ်ချပ်သဖွယ်။ စီမံကိန်းဝင် ကျွန်းပင် ၃၀၀ ကိုလည်း အတန်းလိုက် ညီညီညာညာ စက်ရုံဝင်းအတွင်း စိုက်ပျိုးထားသည်။ လူ ၃၅၀ဆံ့ ကျယ်ဝန်းသပ်ရပ်သော အလုပ်သမားအပန်းဖြေဆောင်ကြီးကိုလည်း မြင်တွေ့ရသည်။ သဘာဝရေကန်ငယ်တစ်ခုပမာ စိမ်းနီဝါပြာ ဆေးရောင်ခြယ်ထားသည်နှင့် ပေါင်းစည်းလိုက်လျှင် ပန်းဥယျာဉ်ကြီးအလား မျက်စိပသာဒဖြစ်ဖွယ် မြင်တွေ့ရသည်။ ကြီးမားကျယ်ပြန့်သော စက်ရုံကြီးပင်ဖြစ်သည်။

စက်ရုံ၏ ရုံးခန်းဆောင်တွင် စက်ရုံအထွေထွေမန်နေဂျာဦးကြည်ထွေးမောင်က ကြိုဆိုပြီး အထပ်သားစက်ရုံ(ဆွာမြို့)၏ နောက်ခံသမိုင်းကို ဦးစွာရှင်းပြသည်။

"ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့ ချုပ်ဆိုသောစာချုပ်အရ ဆွာမြို့ အမှတ်(၃) အထပ်သားစက်ရုံကို မြန်မာ့သစ်လုပ်ငန်းမှ ၁၉၆၆ခုနှစ် ဇန်နဝါရီလတွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၆၈ ခုနှစ်တွင် စတင်၍ လည်ပတ်ခဲ့ကြောင်း၊ ၁၉၆၉-၁၉၇၀ခုနှစ်မှ ၁၉၉၁-၁၉၉၂ ခုနှစ်အထိ မြန်မာ့သစ်လုပ်ငန်းမှ သစ်မာအထပ်သားများ၊ တစ်ဖက်ကျွန်းအထပ်သားများနှင့်ကျွန်းသစ်ပါးလွှာများထုတ်လုပ်ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၃-၆-၁၉၉၁ ရက်စွဲပါ ခွင့်ပြုမိန့်အမှတ်-၀၄၄/၉၁ အရ ၁၉၉၂ ခုနှစ် ဧပြီ ၁ ရက်တွင် မြန်မာ့သစ်လုပ်ငန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ ဒေဝူးအင်တာနေရှင်နယ် ကော်ပိုရေးရှင်းနှင့် ဆမ်မစ်ကော်ပိုရေးရှင်း (SAMIK CORP)တို့

ကြောင်း သိရသည်။ ဆွာအထပ်သားစက်ရုံအတွက် လိုအပ်သော ကုန်ကြမ်းသစ်လုံးများကို မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်လုပ်ရေး ဒေသများဖြစ်သော ပဲခူးတိုင်း(အရှေ့) သစ်ထုတ်လုပ်ရေး၊ ကောလင်း၊ ဗန်းမော်၊ မြစ်ကြီးနား၊ ကသာ(အနောက်)၊ မိုးမိတ်၊ မော်လိုက်၊ မန္တလေး ဖောင်ဖွဲ့ရေးဒေသ၊ တောင်ကြီး သစ်ထုတ်လုပ်ရေးစခန်းသို့သွားရောက်ကာ သစ်ရွေးကိုယ်စားလှယ်များက ရွေးချယ်ကာ သယ်ယူခဲ့ကြသည်။ မြစ်ကြောင်း ဖောင်ဖွဲ့မျှောခြင်း၊ မော်တော်ယာဉ်ဖြင့် သယ်ယူခြင်း၊ မီးရထားတွဲများဖြင့် သယ်ယူခြင်းနည်းများဖြင့် ဆွာအထပ်သားစက်ရုံအရောက် သယ်ဆောင်ခဲ့သည်။

## သစ်လုံးကုန်ကြမ်း

သစ်မာ သစ်လုံးကုန်ကြမ်းရရှိမှုနှင့် အထပ်သားထုတ်လုပ်မှုမှာ ၁၉၉၂ခုနှစ် ဖက်စပ်လုပ်ငန်းဆောင်ရွက်သည်မှ ၂၀၀၉ ခုနှစ် ဇွန်လကုန်အထိ သစ်မာသစ်လုံး ကုန်ကြမ်း ၆၅၂၈၅၈ တန်ရရှိပြီး အထပ်သားထုတ်လုပ်မှု ကုဗမီတာ ၅၅၄၈၈၅ ဖြစ်ကြောင်း စာရင်းဇယားများအရ သိရသည်။ မြန်မာပြည်တွင်း အထပ်သားစက်ရုံကြီး ငါးရုံရှိရာ ရန်ကုန်တိုင်း အလုံမြို့နယ်တွင် အမှတ်(၁)စက်ရုံ၊ ရန်ကုန်တိုင်း လှိုင်မြို့နယ်တွင် အမှတ်(၂)စက်ရုံ၊ ပဲခူး

## အသုံးပြု

အထပ်သား ထုတ်လုပ်ရောင်းချသုံးစွဲခြင်းကို အထွေထွေမန်နေဂျာ ဦးကြည်ထွေးမောင်က ဆက်လက် ရှင်းပြပြောဆိုရာ "ဆွာအထပ်သားစက်ရုံမှ ထုတ်လုပ်သည့် အထပ်သားများမှာ အင်၊ ကညင်သစ်များ ၈၅ရာခိုင်နှုန်းပါဝင်ပြီး အခြားသားဖြစ်သော သင်္ဂဒူ၊ တောင်ပိန်း၊ ကောင်းမှုံ၊ တောင်သရက်သားများကို ၁၅ရာခိုင်နှုန်းသုံးစွဲကာ အထပ်သား ထုတ်လုပ်ခြင်းဖြစ်ပါကြောင်း၊ အပါးလွှာဆုံး သုံးထပ်သားမှသည် ၁၉ထပ်သားအထိရှိကြောင်း၊ သုံးထပ်သား၊ ငါးထပ်သား၊ ခုနစ်ထပ်သား၊ ကိုးထပ်သား၊ ၁၁ထပ်သား၊ ၁၃ထပ်သားနှင့် ၁၉ထပ်သားတို့ဖြစ်ပြီး ပြည်ပနိုင်ငံများမှ မှာကြားမှုအတိုင်း ထုတ်လုပ်ပေးရခြင်းဖြစ်ပါကြောင်း၊ သုံးထပ်သားသည် ၂ဒသမ ၇မီလီမီတာမှ ၅ဒသမ ၅မီလီမီတာ အထူအထိရှိပြီး ငါးထပ်သားမှာ ခုနစ်မီလီမီတာမှ ကိုးမီလီမီတာ အထူ၊ ခုနစ်ထပ်သားမှာ ၁၁ဒသမ ၅မီလီမီတာမှ ၁၅မီလီမီတာအထူ၊ ကိုးထပ်သားမှာ ၁၇ဒသမ ၅မီလီမီတာမှ ၁၈မီလီမီတာအထူ၊ ၁၁ထပ်သားမှာ ၁၇ဒသမ ၅မီလီမီတာမှ ၂၅မီလီမီတာအထူ၊ ၁၃ထပ်သားနှင့် ၁၉ထပ်သားတို့မှာ ၂၈မီလီမီတာအထူရှိကြောင်း၊ သုံးတန်ကား တက်နင်းလျှင်သော် မကျိုးကြေနိုင်ကြောင်း၊ ဆွာအထပ်

အစားအလိုက် စက်များဖြင့်ဖြတ်တောက်ပုံ၊ ဖြတ်တောက်ပြီး သစ်လုံးများကို သစ်လုံးအဆီများ ထွက်သွားစေရန် အပူချိန် ၇၀ စင်တီဂရိတ်မှ ၁၀၀ စင်တီဂရိတ်ရှိ သစ်လုံးပြုတ်ကန်များအတွင်း ၂၄နာရီမှ ၇၂နာရီအထိထားရှိပုံ၊ ပြုတ်ကန်မှ သယ်ယူပြီး သစ်လုံးလွှာ စက်ထဲသွင်း၍ ပါးလွှာပုံ၊ ရရှိသော သစ်ပါးလွှာကို သတ်မှတ်အပူရှိန်ဖြင့် အပူပေးအခြောက်ခံကာ၊ အလယ်ခံနှင့် အထက်အောက် သစ်ပါးလွှာများ ကော်နှင့်ကပ်ပုံ၊ အအေးဖိစက်၊ အပူပေးဖိစက်တို့ဖြင့် သတ်မှတ်ချိန်အတိုင်းဖိပေးပုံ၊ ထွက်ရှိလာသော အထပ်သားများကို ကော်ပတ်သုံးမျိုးဖြင့်စား၍ အနားညီစေရန် ပြုလုပ်ပုံနှင့် ပြည်ပတင်ပို့ကုန်အဖြစ် ထုပ်ပိုးပုံအဆင့်

ကြီးများ ဖြတ်တောက်ရန် ၁၀တန်ကရိန်းနှင့် ဖြတ်ခုံနှစ်လုံး၊ သစ်လုံးပြုတ်ကန်ပေါင်း ၂၇ကန်၊ သစ်ပါးလွှာစက် လေးလုံး၊ သစ်ပါးလွှာများ အပူပေး ပေါင်းစက် ငါးလုံး၊ အလယ်ခံ သစ်လွှာကပ်စက် ငါးလုံး၊ လက်တိပ်ကပ် ၁၂လုံး၊ လွှဝိုင်း လေးခု၊ ကော်ဖျော်စက်သုံးလုံး၊ ကော်သုတ်စက် လေးလုံး၊ အအေးဖိစက်သုံးလုံး၊ အပူဖိစက် လေးလုံး၊ ဘေးထိပ်ဖြတ်စက်၊ ကော်ပတ်တိုက်စက်တို့ဖြင့် ခေတ်မီစက်ကိရိယာများ သုံးစွဲပြီး ထုတ်လုပ်လျက်ရှိသည်။ ဝန်ထမ်း ၇၆၄ဦးတို့ နေ့ဆိုင်း၊ ညဆိုင်း နှစ်ဆိုင်းခွဲကာ ၂၄နာရီ အထပ်သားပေါင်းစုံ လည်ပတ်ထုတ်လုပ်လျက်ရှိသည်။ ဝန်ထမ်းအလုပ်ချိန်ကို ရှစ်နာရီသတ်မှတ်ပြီး အချိန်ပိုလုပ်အားခ

ကို နိုင်ငံတော်က ဦးစားပေးဆောင်ရွက်ပေးနေသလို စီးပွားရေးဦးတည်ချက် (၄) ရပ်တွင် ပါဝင်သည့် ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးအတွက် နိုင်ငံတော် စီးပွားရေး အဆောက်အအုံအတွင်း နိုင်ငံတော်နှင့် ဖက်စပ်လုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်လာနိုင်ခြင်းကို မြန်မာ-ကိုရီးယား အပြည်ပြည်ဆိုင်ရာ သစ်လုပ်ငန်းလီမိတက် မြန်မာနိုင်ငံ၏ အကြီးဆုံး "ဆွာအထပ်သားစက်ရုံ" က ညွှန်းပြဆိုနေပြီ ဖြစ်ပါကြောင်း ကွင်းဆင်း လေ့လာရေးသား ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

**မြန်မာ့သစ်လုပ်ငန်းနှင့် ကိုရီးယားလုပ်ငန်းရှင်များ ဖက်စပ်လုပ်ကိုင်သော မြန်မာ-ကိုရီးယား အပြည်ပြည်ဆိုင်ရာ သစ်လုပ်ငန်းလီမိတက် ဆွာအထပ်သားစက်ရုံအဆောက်အအုံကို တွေ့ရစဉ်။** (မြန်မာ့အလင်း)

## သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား လှိုင်ကော်၌ ကျင်းပ

လှိုင်ကော် ဇူလိုင် ၂၁

ကယားပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်ဇနီး ဒေါ်နွယ်နီဝင်းတို့သည် ဇူလိုင် ၄ရက် နံနက် ၈နာရီက လှိုင်ကော်မြို့ ကွန်ပျူတာတက္ကသိုလ်ရှေ့မြေကွက်လပ်တွင် ကျင်းပသည့် မိုးရာသီလူထုလှုပ်ရှားမှု လူတစ်ဦး ကျွန်းတစ်ပင် စိုက်ပျိုးပွဲသို့ တက်ရောက်သည်။

**ကျွန်းပျိုးပင်များ ပေးအပ်**

အခမ်းအနားတွင် ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးဦးမင်းဒင်က ကျွန်းပင်စိုက်ပျိုးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဥက္ကဋ္ဌနှင့်ဇနီး၊ တာဝန်ရှိသူများက ဒေသခံတိုင်းရင်းသားများအား ကျွန်းပျိုးပင်များပေးအပ်သည်။

**လိုက်လံကြည့်ရှု**

ဆက်လက်၍ ပြည်နယ်ဥက္ကဋ္ဌနှင့်ဇနီးတို့သည် အမှတ်တရကျွန်းပင်စိုက်ပျိုးပေးပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၏ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့သည်။ (အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)

## အားကစားဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၁

ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း အားကစားနည်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင်၁၉ရက် မွန်းလွဲ ၂နာရီက ဆေးတက္ကသိုလ်(မန္တလေး)နှင့် သူနာပြုတက္ကသိုလ်(မန္တလေး)တို့၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက် အမှာစကား ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ဝန်ကြီးက ဆေးတက္ကသိုလ်(မန္တလေး)နှင့် သူနာပြုတက္ကသိုလ်(မန္တလေး)တို့အတွက် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသန်းဝင်းနှင့် သူနာပြုတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဒေါက်တာဒေါ်မာလာဝင်းတို့က လက်ခံကြသည်။

**ဖွံ့ဖြိုးတိုးတက်ရေး**

ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်သည် မန္တလေးနိုင်ငံခြားဘာသာသင်တက္ကသိုလ်သို့ သွားရောက်ပြီး ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း အားကစားနည်းများ တိုးတက်ဖွံ့ဖြိုးရေးအတွက် အမှာစကားပြောကြားကာ မန္တလေးနိုင်ငံခြားဘာသာသင်တက္ကသိုလ်အတွက် ဘောလုံး၊ ဘော်လီဘောနှင့် ပိုက်ကျော်ခြင်း အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းရာ မန္တလေးနိုင်ငံခြားဘာသာသင်တက္ကသိုလ် တာဝန်ခံ ပါမောက္ခချုပ်ဒေါက်တာဖော်လင်းက လက်ခံယူကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်မည့် မြို့ပြ/ကျေးလက်လမ်းများအတွက် ကျောက်ဝယ်ယူစုဆောင်းနေမှုကို ဇူလိုင် ၅ရက်က အမှုဆောင်အရာရှိ ဦးစောဝေနှင့် တာဝန်ခံအင်ဂျင်နီယာဦးရန်မျိုးကျော်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

## ဟသ်ာတ တက္ကသိုလ် အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ကျင်းပ

ဟသ်ာတ ဇူလိုင် ၂၁

ဟသ်ာတတက္ကသိုလ် ၂၀၀၈-၂၀၀၉ ပညာသင်နှစ်ဘာသာရပ်အလိုက် အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်၂၀ရက် နံနက် ၇ နာရီက ဟသ်ာတမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ယမန်နှစ်ချန်ပီယံရူပဗေဒအသင်းအုပ်ချုပ်သူက ဆုဖလားကိုပြန်လည်ပေးအပ်ရာ ဒုတိယပါမောက္ခချုပ်ဒေါက်တာစီစီလှဘူးက လက်ခံရယူသည်။

ယင်းနောက် ဟသ်ာတ တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာတင်ထွန်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုကြသည်။ ထို့နောက် ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပထမပွဲစဉ်အဖြစ် ပထဝီဝင်အသင်းနှင့် သတ္တဗေဒအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သတ္တဗေဒအသင်းက ပထဝီဝင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။ (ခရိုင် ပြန်/ ဆက်)

## မြန်မာ့အားကစားဂုဏ်ကို မြှင့်တင်ပေးနေသည့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် နိုင်ငံတကာပြိုင်ပွဲများအတွက် ကြိုတင်လေ့ကျင့်ပြင်ဆင်

**သတင်းမှတ်စုနှင့်ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)** **စာမျက်နှာဖွဲ့စည်းမှု - ကျင်သန်းဦး(မြန်မာ့အလင်း)**

ရန်ကုန် ဇူလိုင် ၂၁

**မြန်မာ့အားကစားတိုးတက်ရေးအတွက် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံအတွင်းရှိ အားကစားအဖွဲ့ချုပ်များ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ နှစ်တိုတိုဖြင့် မြန်မာ့အားကစားဂုဏ်ကို မြှင့်တင်ရန် ကြိုးစားနေသည့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်လေ့ကျင့်ရေးကွင်းရှိရာ ကျိုက္ကဆံကွင်းသို့ သွားရောက်၍ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဦးကျော်ဦး(အား/ကာ)နှင့် တွေ့ဆုံကာ နိုင်ငံတကာပြိုင်ပွဲများအတွက် ကြိုတင်လေ့ကျင့်ပြင်ဆင်မှုအခြေအနေများကို မေးမြန်းရေးသား ဖော်ပြလိုက်ရပါသည်-**

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဦးကျော်ဦးက “မိမိတို့ အားကစားအဖွဲ့ချုပ်သည် ၂၀၀၈ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအပြီး

**မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဦးကျော်ဦးက မြန်မာမြားပစ် မောင်မယ်များ၏ လေ့ကျင့်ပြင်ဆင်မှု အခြေအနေများကို မြန်မာ့အလင်းသို့ရှင်းပြစဉ်။** (မြန်မာ့အလင်း)

ယခုနှစ် ဇန်နဝါရီ ၁ရက်မှစတင်၍ ပဏာမ အမျိုးသား လက်ရွေးစင် ၁၄ဦး၊ အမျိုးသမီး ရှစ်ဦး၊ မျိုးဆက်သစ်လူငယ် အမျိုးသား ငါးဦးနှင့် အမျိုးသမီး ရှစ်ဦးတို့ကို မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် လေ့ကျင့်ရေးကွင်း (ကျိုက္ကဆံ)၌ နံနက် ၆နာရီမှ ၇နာရီအထိ ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်းကိုလည်းကောင်း၊ နံနက် ၈နာရီခွဲမှ ၁၁နာရီအထိ မြားပစ်လေ့ကျင့်မှုများကို လည်းကောင်း၊ ညနေ၃နာရီမှ၆နာရီအထိ မြားပစ်လေ့ကျင့်မှုများကို ပြုလုပ်ပေးလျက်ရှိကြောင်း၊ ညနေ၈နာရီမှ ၈နာရီခွဲအထိ တရားထိုင်ခြင်းနှင့် စိတ်မှန်းဖြင့် မြားပစ်ခတ်ခြင်းလေ့ကျင့်စဉ်များကို ပြုလုပ်ပေးပြီး စနေနေ့ညနေပိုင်းနှင့် တနင်္ဂနွေနေ့များတွင် အနားပေးထားကြောင်း၊ အုပ်ချုပ်သူအဖြစ် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးကျော်ဦးက ဆောင်ရွက်ပြီး နည်းပြဆရာများအဖြစ် တွဲဖက်အတွင်းရေးမှူး ဦးသန်းကြိုင်၊ ဦးစီးအရာရှိများဖြစ်ကြသည့် (အား/ကာ)မှ ဒေါ်သီတာဝင်းနှင့် ဒေါ်ကေသီ၊ ကွန်ပေါင်း နည်းပြများအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးအောင်သူရနှင့် ရဲမင်းဆွေ၊ RECURVE နည်းပြများအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးအောင်နိုင်ဦး၊ ရဲအုပ်မြတ်သူဇာမြင့်၊ သီသီဝင်းနှင့်(အား/ကာ)မှ ဦးဇော်ဝင်းထိုက်စသည့် မြန်မာနည်းပြများက နည်းစနစ်မှန်မှန်ဖြင့် ထိထိရောက်ရောက် သင်ကြားပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်အနေဖြင့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်အောင်မြင်မှုရရှိအောင် အဘက်ဘက်မှ အထူးကြိုးစား လေ့ကျင့်ပြင်ဆင်လျက်ရှိကြောင်း၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုအရှိန်ရနေသည့် မြန်မာ့မြားပစ်အဖွဲ့သည် ရွှေ၊ ငွေ၊ ကြေးတံဆိပ်များ ရရှိအောင် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ “မြားပစ်ကစားနည်းဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို မြှင့်တက်စေရမည်” ဟူသော ဆောင်ပုဒ်အတိုင်း အရှိန်အဟုန်ပြင်းပြင်းဖြင့် ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ အင်္ဂါနေ့တွင် မြား ၇၂ချောင်း တစ်ဦးချင်းပြိုင်ပွဲဝင်ပုံစံဖြင့် အမှတ်ယူပစ်ခတ်ခြင်း၊ ဗုဒ္ဓဟူးနေ့တွင် မြား ၁၂ချောင်း တစ်ဦးချင်းပြိုင်ပွဲဝင်ပုံစံဖြင့် အမှတ်ယူပစ်ခတ်ခြင်းနှင့် ကြာသပတေးနေ့တွင် အသင်းလိုက်ပြိုင်ပွဲဝင်ပုံစံဖြင့် ပစ်ခတ်ခြင်းများကို အပတ်စဉ်ပြုလုပ်ပေးလျက်ရှိပြီး ရဲမင်းဆွေ၊ မအောင်ငှိမ်း၊ လှလှစံနှင့် ဇော်ဝင်းထိုက်တို့မှာ တစ်ဦးချင်း လက်ရည်အဆင့်အတန်း တိုးတက်မြင့်မားလာသည်ကို တွေ့ရကြောင်း၊ ကျန်အားကစားသမားများမှာ အသင်းလိုက်အတွက် အထူးကြိုးစား လေ့ကျင့်လျက်ရှိကြောင်း၊ မြန်မာမြားပစ်အဖွဲ့သည် အရှေ့တောင်အာရှမှ အာရှအဆင့်ကို ထိုးဖောက်လျက်ရှိကြောင်း၊ မြန်မာမြားပစ်အဖွဲ့၏ အဓိကပြိုင်ဘက်များမှာ RECURVE ပြိုင်ပွဲတွင် အရှေ့တောင်အာရှမှ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် စင်ကာပူ၊ ကွန်ပေါင်း မြားပစ်ပြိုင်ဘက်များမှာ ဖိလစ်ပိုင်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် စင်ကာပူတို့ဖြစ်ကြောင်း၊ ယင်းအပြင် အားကစားသမားများ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာနှင့် ပံ့ပိုးကူညီမှုများကို အားကစားဝန်ကြီးဌာနဝန်ကြီး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ(ဇေကမ္ဘာ)၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးတင့်ဆန်း (ACE၊ဆောက်လုပ်ရေး)နှင့် ဦးတိုးနိုင်မန်းတို့က ဆောင်ရွက်ပေးမှုကြောင့် ယခုကဲ့သို့အရှိန်အဟုန်ပြင်းပြင်းဖြင့် အောင်မြင်မှုများ ရရှိလျက်ရှိသည်ကို တွေ့ရကြောင်း” စသဖြင့် မြန်မာ့အလင်းသို့ ရှင်းပြခဲ့သည်။

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်အနေဖြင့် ၁၉၉၇ခုနှစ် ထိုင်းနိုင်ငံ ဖိတ်ခေါ်မြားပစ်ပြိုင်ပွဲမှ ၂၀၀၉ခုနှစ် ထိုင်းနိုင်ငံတွင်ကျင်းပသည့် ပထမအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲအပါအဝင် နိုင်ငံတကာပြိုင်ပွဲ ၂၅ပွဲ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၄၉ခု၊ ငွေတံဆိပ် ၅၃ခုနှင့် ကြေးတံဆိပ် ၅၁ခု စုစုပေါင်း ဆုတံဆိပ် ၁၅၃ခု နိုင်ငံအတွက် ရယူပေးနိုင်ခဲ့ပါကြောင်း သတင်းမှတ်စုအဖြစ် ဖော်ပြလိုက်ရပါသည်။ ။ (မြန်မာ့အလင်း)

**ကျိုက္ကဆံမြားပစ်ကွင်း၌ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်မှ မြားပစ်မောင်မယ်များ မြားပစ်လေ့ကျင့်နေစဉ်။**(မြန်မာ့အလင်း)

## မြို့နယ်ဥက္ကဋ္ဌဒိုင်း ရပ်ကွက်/ကျေးရွာ ဘောလုံးပြိုင်

ပင်းတယ ဇူလိုင် ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင် ပင်းတယမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၀ရက် ညနေ ၃နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်လတ်က အဖွင့်အမှာစကား ပြောကြားပြီး ကမ္ဘောဇဘဏ်လီမိတက်မှ အားကစားပစ္စည်းများနှင့် ဆုကြေးငွေများ ထောက်ပံ့ပေးအပ်သည်။

ဖွင့်ပွဲတွင် ကျုံးအသင်းနှင့် အော်ရောရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကျုံးကျေးရွာအုပ်စုအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

(မြို့နယ် ပြန်/ဆက်)

## စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်း သာကေတမြို့နယ် သုမနသွေးလှူရှင်အဖွဲ့က ကြီးမှူး၍ သာကေတမြို့နယ်အတွင်းရှိ ပြည်သူများ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ယခုနှစ် မတ်၁၀ရက် (တပေါင်းလပြည့်နေ့)တွင် ပထမအကြိမ်အဖြစ် သွေးအိတ်ပေါင်း ၆၀၊ အရေးပေါ် လူနာများအတွက် သွေးအိတ်ပေါင်း၂၄အိတ်၊ ဒုတိယအကြိမ်စုပေါင်းသွေးလှူဒါန်းပွဲကို ဇူလိုင် ၁၈ရက် နံနက်၉နာရီက သာကေတမြို့နယ် (၅)ရပ်ကွက် သုမနဓမ္မဗိမာန်ဓမ္မာရုံ၌ ကျင်းပရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန် ဒေါက်တာသီတာအောင်၊ သူနာပြုဆရာ ဆရာမများနှင့်သွေးလှူဘဏ်ဝန်ထမ်းများက စနစ်တကျ စမ်းသပ်စစ်ဆေး၍ သွေးများကို ဖောက်ယူလက်ခံကြသည်။

ဒုတိယအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲတွင် သွေးအိတ်ပေါင်း ၁၃၂အိတ် စုစုပေါင်း သွေးအိတ် ၂၁၆အိတ် လှူဒါန်းခဲ့သည်။ **(အောက်ပုံ)**

သုမနသွေးလှူရှင်အဖွဲ့မှ လေးလတစ်ကြိမ် ဆက်လက် သွေးလှူဒါန်းသွားမည်ဖြစ်ရာ အသက် ၁၈နှစ်မှ ၅၅နှစ်အတွင်း ကျန်းမာရေးကောင်းသူ မည်သူမဆို ပါဝင်လှူဒါန်းနိုင်ပြီး ဖုန်း-၇၂၁၀၆၀၊ ၇၀၃၀၉၉၊ ၇၂၂၀၅၃၊ ၀၉-၅၀-၇၆၁၃၈ (ဟိုင်းရာဇာဆေးတိုက်)တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

## အားကစားသတင်း အတိုအထွာ

**မောင်ချစ်ကြည်စုစည်းတင်ပြ၍ ဇင်မင်းသန့်စာမျက်နှာဖွဲ့စည်းသည်**

### မန်စီးတီးမှအီလာနို အင်တာမီလန်သို့ အငှားချမည်

မန်စီးတီးအသင်းမှ ဘရာဇီးကွင်းလယ် ကစားသမားအီလာနိုအား အင်တာမီလန်အသင်းသို့ တစ်ရာသီ အငှားချထားရန် ဆွေးနွေးမှုများပြုလုပ်နေပြီဖြစ်ကြောင်း မန်စီးတီးကလပ်မှ သတင်းထုတ်ပြန်သည်။

### အဲဗာတန်က ဆွီဒင်ကွင်းလယ်ကစားသမား အီလမ်အားခေါ်ယူမည်

အဲဗာတန်အသင်းသည် ဆွီဒင်ကွင်းလယ်ကစားသမား ရက်မင်အီလမ်အား ခေါ်ယူရန် ကြိုးစားနေပြီး စာချုပ်နိုင်ရေးနီးစပ်နေပြီဖြစ်ကြောင်း အဲဗာတန်နည်းပြ ဒေးဗစ်မိုယက်စ်က ပြောကြားသည်။

### ရီးရဲမက်ဒရစ်တိုက်စစ်မှူး ဟန်တယ်လာ စတုဂတ်အသင်းပြောင်းရွှေ့

ရီးရဲမက်ဒရစ်တိုက်စစ်မှူး ဟန်တယ်လာကို ဂျာမနီကလပ် စတုဂတ်အသင်းက ပြောင်းရွှေ့ကြေး ပေါင်၁၈သန်းနှင့် ခေါ်ယူလိုက်ပြီဖြစ်သည်။

### ဂျာမိန်းဂျီနက်စ်အား ဗီလာစာချုပ်မည်

စပါးကွင်းလယ်ကစားသမား ဂျာမိန်းဂျီနက်စ်အား ဗီလာကလပ်က ပြောင်းရွှေ့ကြေး ပေါင်၁၀သန်းပေး၍ စာချုပ်တော့မည်ဖြစ်သည်။

### ဝီဂန်ကွင်းလယ်ကစားသမား လီကတ်တာမိုလီအား ဆန်းဒါးလန်း ခေါ်ယူလို

ဝီဂန်ကွင်းလယ်ကစားသမား လီကတ်တာမိုလီအား ပြောင်းရွှေ့ကြေး ပေါင်ခြောက်သန်းပေးမည်ဖြစ်ကြောင်း ဆန်းဒါးလန်းအသင်းက ထုတ်ဖော်ပြောကြားသည်။



### အက်စ်ပန်းညော်မှဖန်နန်အား ပို့စ်မောက်ကခေါ်ယူမည်

ပို့စ်မောက်အသင်းသည် လီဗာပူးကလပ်သို့ ပြောင်းရွှေ့သွားသော နောက်ခံလူ ဂျွန်ဆင်၏နေရာတွင် အက်စ်ပန်းညော်ကလပ်မှ ဖန်နန်အား အစားထိုးရန် ခေါ်ယူမည် ဖြစ်သည်။

### နောက်ခံလူဒေါ့စ်ဆင်နာ လီဗာပူးမှ ထွက်ခွာဖွယ်

လီဗာပူးနောက်ခံလူ ဒေါ့စ်ဆင်နာသည် ပုံမှန်ပွဲထွက်ခွင့်မရသဖြင့် အီတလီကလပ် နာပိုလီအသင်းသို့ ပြောင်းရွှေ့ကစားရန် ကြိုးစားနေသည်။

### ဘာမင်ဂမ်က စတီဖင်ဟန့်အားစာချုပ်မည်

ဘာမင်ဂမ်အသင်းသည် ရက်ဒင်းကလပ်ကွင်းလယ်ကစားသမား စတီဖင်ဟန့်အား ပြောင်းရွှေ့ကြေး ပေါင်လေးသန်းဖြင့် ခေါ်ယူစာချုပ်မည်ဖြစ်သည်။

### ဆန်းဒါးလန်းသို့ပြောင်းရွှေ့ရေး ခရောက်ချ်စိတ်မပါ

အင်္ဂလန်တိုက်စစ်မှူး ပီတာခရောက်ချ်သည် ဆန်းဒါးလန်းသို့ပြောင်းရွှေ့ရမည့် အရေးကို သွေးအေးကာ စိတ်မပါဖြစ်နေကြောင်း နည်းပြစတိဗ်ဘရုက အတည်ပြုပြောကြားသည်။

## ဖာဂူဆန် မှားယွင်းစွာခေါ်ယူမိခဲ့တဲ့ ဘောလုံးသမားများ

**လန်ဒန် ဇူလိုင် ၂၁**

မန်ယူအသင်းကို နှစ်ပေါင်း ၂၀ကျော် နည်းပြအဖြစ် ကိုင်တွယ်ခဲ့တဲ့ဖာဂူဆန်ဟာ မန်ယူကို အောင်မြင်မှုရအောင် စွမ်းဆောင်တဲ့နေရာမှာ အမှားအယွင်းတွေလည်း ရှိခဲ့ပါတယ်။ အဲဒီအမှားတွေက ဘောလုံးသမားတွေခေါ်ယူတဲ့အခါ မှားယွင်းစွာ ခေါ်ယူစာချုပ်ခဲ့ခြင်းလည်းပါဝင်နေတာမို့ ဖာဂူဆန်ကိုယ်တိုင် စိတ်ပျက်ခဲ့ရတယ်လို့ဆိုပါတယ်။

**ဗီရွန်**

အဲဒီလို ခေါ်ယူမှုမှားယွင်းခဲ့တဲ့ မန်ယူရောက်ဘောလုံးသမားတွေကို လေ့လာကြည့်တဲ့အခါ ထိပ်ဆုံးနေရာမှာတော့ ဗီရွန်ပဲဖြစ်ပါတယ်။ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားတစ်ဦးအဖြစ် အသိအမှတ်ပြုထားတဲ့ အာဂျင်တီးနား ကွင်းလယ်ကစားသမား ဗီရွန်ကို လာဇီယိုအသင်းကနေပြီး ပြောင်းရွှေ့ကြေးပေါင် ၂၈သန်းပေးပြီး ဖာဂူဆန် ခေါ်ယူခဲ့ပါတယ်။ မန်ယူမှာ ဘောလုံးနှစ်ရာသီ ကစားခဲ့တာ ထိရောက်တဲ့ အကျိုးပြုမှုမရှိဘဲ ခြေစွမ်းလည်းမပြနိုင်တာမို့ ချယ်လ်ဆီးကို ပေါင် ၁၅သန်းနဲ့ ပြန်လည်ထုတ်ရောင်းခဲ့ရပါတယ်။

**ဒီဂိုဖော်လန်**

ဥရုဂွေးတိုက်စစ်မှူး ဒီဂိုဖော်လန်ကို အာဂျင်တီးနားကလပ်ဖြစ်တဲ့ အင်ဒီပင်းဒင့်ကနေပြီး ပြောင်းရွှေ့ကြေး ပေါင်ခုနစ်သန်း

နဲ့ ဖာဂူဆန် ခေါ်ယူခဲ့ပါတယ်။ မန်ယူအတွက် ဂိုးတွေသွင်းယူပေးနိုင်မယ်လို့ မျှော်လင့်ခဲ့ပေမယ့် နှစ်ရာသီကစားပြီးချိန်မှာ ဂိုးလည်း ထင်သလောက် မသွင်းနိုင်၊ ခြေစွမ်းလည်း မပေါ်တာမို့ ဖာဂူဆန် စိတ်ပျက်ပြီး ဗီလာရီးရဲကလပ်ကို ပြန်လည်ရောင်းချခဲ့ပါတယ်။ ဒါပေမယ့် ဗီလာရီးရဲကလပ်မှာတော့ ၁၀၆ပွဲကစားပြီး ဂိုးပေါင်း၅၀ကျော် သွင်းယူပေးနိုင်ခဲ့ပါတယ်။ အခုတော့ ဒီဂိုဖော်လန်ကို လီဗာပူးကခေါ်ယူဖို့ စီစဉ်နေပါတယ်။

**အိုဝင်ဟားဂရေ့ဗ်**

ကွင်းလယ်မှာခြေစွမ်းထက်တဲ့ ကစားသမားလိုအပ်တဲ့အတွက် ဂျာမနီကလပ် ဘိုင်ယန်မြူးနစ်ကနေပြီး ၂၀၀၇ခုနှစ်မှာ အိုဝင်ဟားဂရေ့ဗ်ကို ဖာဂူဆန်ခေါ်ယူခဲ့တာဖြစ်ပါတယ်။ ပြောင်းရွှေ့ကြေးပေါင် ၁၈သန်းပေးပြီး ခေါ်ယူကစားစေခဲ့ပေမယ့် ခြေထောက်ဒဏ်ရာတွေ တစ်ခုပြီးတစ်ခုရနေလို့ မန်ယူအတွက် ထိထိရောက်ရောက် အသုံးမချနိုင်တဲ့အပြင် ခြေစွမ်းလည်းမပြနိုင်တာမို့ ဖာဂူဆန်စိတ်ပျက်နေပါတယ်။ အိုဝင်ဟားဂရေ့ဗ်ကို ဝယ်သူရှိရင်ရောင်းမယ်လို့ တရားဝင်သတင်းထုတ်ပြန်ထားပါတယ်။

**မာနုချို**

မန်ယူတိုက်စစ် အင်အားတောင့်တင်းစေဖို့အတွက် နည်းပြဖာဂူဆန်ဟာ အင်ဂိုလာတိုက်စစ်မှူး မာနုချိုကို ၂၀၀၈ခုနှစ် ဇန်နဝါရီမှာ ခေါ်ယူခဲ့ပါတယ်။ ဒါပေမယ့် မန်ယူအတွက် ဘယ်လိုမှအသုံးချလို့မရတဲ့ တိုက်စစ်မှူးတစ်ဦး ဖြစ်နေတာကြောင့် ပွဲအတော်များများ ကစားခွင့်မရရှိခဲ့ပါဘူး။ မာနုချိုဟာ မန်ယူအသင်းကို ရောက်ရှိနေတာ ၁၈လကြာရှိနေပြီဖြစ်ပြီး ဂရိကလပ် ပနာသီနာကို့စ်အသင်းကို အငှားစာချုပ်နဲ့ သွားရောက်ကစားနေသူဖြစ်ပါတယ်။ အခုတော့ စပိန်ကလပ်ဗီလာဒိုလစ်အသင်းကို ဖာဂူဆန်ရောင်းချဖို့ စီစဉ်နေပြီဖြစ်ပါတယ်။

ဒါက ဖာဂူဆန်အနေနဲ့ စာချုပ်ချုပ်ဆိုခေါ်ယူပြီးမှ လက်တွေ့မှာ မန်ယူအတွက် အကျိုးမပြုနိုင်ခဲ့တဲ့ ဘောလုံးသမားအချို့ဖြစ်တာမို့ ဒီလိုအဖြစ်မျိုးတွေ မကြုံတွေ့အောင် ဘောလုံးသမား ခေါ်ယူတဲ့အခါ သေသေချာချာ စဉ်းစားဆုံးဖြတ်ပြီးမှ ခေါ်ယူ စာချုပ်နေခြင်းဖြစ်ပါကြောင်း။ ။ **ကိုးကား-အင်တာနက်**

**မောင်မောင်မြင့်ဆွေတင်ပြသည်**

## ရစ်ဘာရီအား ခေါ်ယူရန်ကြိုးစားခဲ့ မန်ယူနည်းပြဖာဂူဆန်ဖွင့်ဟပြောကြား

**လန်ဒန် ဇူလိုင် ၂၁**

ဘိုင်ယန်မြူးနစ်အသင်းမှ ပြင်သစ်ဘောလုံးကြယ်ပွင့် ရစ်ဘာရီအားခေါ်ယူစာချုပ်နိုင်ရေး ကြိုးစားခဲ့ကြောင်း မန်ယူနည်းပြဖာဂူဆန်က ဖွင့်ဟပြောကြားခဲ့သည်။

**ပစ်မှတ်ထား**

ပြင်သစ်လက်ရွေးစင် ရစ်ဘာရီအား ဥရောပထိပ်သီးအသင်းများဖြစ်သည့် စပိန်လာလီဂါပြိုင်ဘက် ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်တို့အပါအဝင် အသင်းများစွာက

ခေါ်ယူရန် ပစ်မှတ်ထားနေသည်။ သို့သော်လည်း အသက်၂၆နှစ်ရှိ ရစ်ဘာရီအား မရောင်းဟု ဘိုင်ယန်မြူးနစ်အသင်းက ပြောကြားသည်။ **(အင်တာနက်)**

## ဘာဘယ်လ်သည်လီဗာပူးအတွက် အင်အားဖြစ်လာမည် နည်းပြဘင်နီတက်ဇ်ဖွင့်ဟပြောကြား

**လန်ဒန် ဇူလိုင် ၂၁**

ရိုင်ယန်ဘာဘယ်လ်သည် ယခုရာသီ၌ အန်ဖီးလ်တွင် အဓိကအင်အားတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း လီဗာပူးနည်းပြ ဘင်နီတက်ဇ်က အခိုင်အမာပြောကြားခဲ့သည်။ ဘင်နီတက်ဇ်သည် အသက်၂၂နှစ်ရှိ ဘာဘယ်လ်အား ၂၀၀၇ခုနှစ် ဇူလိုင်လက အေဂျက်ဇ်အသင်းမှ ပြောင်းရွှေ့ကြေး ပေါင်၁၀သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ဘာဘယ်လ်သည် ထိုစဉ်ကတည်းက ပထမအသင်းတွင် နေရာရရန် ရုန်းကန်ခဲ့ရသည်။



**ယုံကြည်**

ဘာဘယ် အန်ဖီးလ်သို့ရောက်ရှိပြီး နှစ်နှစ်အကြာတွင်မှ ၄င်းသည်ယခုဘောလုံးရာသီတွင် လီဗာပူးအသင်းကို အောင်မြင်မှုရအောင် စွမ်းဆောင်ရန် အသင့်ဖြစ်နေပြီဟု ဘင်နီတက်ဇ်က ယုံကြည်ကြောင်း သတင်း၌ဖော်ပြသည်။

## တင်းနစ်သမားရော့ဒစ်ခ် အင်ဒီယာနာပိုလစ် ချန်ပီယံရှစ်ပြိုင်ပွဲ၌ မပါဝင်နိုင်

**လန်ဒန် ဇူလိုင် ၂၁**

ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲရောက် အန်ဒီရော့ဒစ်ခ်သည် တင်ပါးဒဏ်ရာမသက်သာမှုကြောင့် အင်ဒီယာနာပိုလစ်ချန်ပီယံရှစ် တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်တော့မည်မဟုတ်ကြောင်း သတင်း၌ ဖော်ပြသည်။ အမေရိကန်နိုင်ငံသား ရော့ဒစ်ခ်သည် ပွဲစဉ်ငါးပွဲအပြည့်အဝ ကစားခဲ့ရသည့် ဝင်ဘယ်ဒန်သမိုင်း၏ အရှည်ကြာဆုံးဗိုလ်လုပွဲတွင် ပြိုင်ဘက် ဖက်ဒဲယားအား ၁၄-၁၆ဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တွင် ယင်းတင်ပါးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

**ဒဏ်ရာရရှိ**

ရော့ဒစ်ခ်က ၎င်းအနေဖြင့် ဆုဖလား နှစ်ကြိမ်ရယူခဲ့ဖူးသည့် အင်ဒီယာနာပိုလစ် ချန်ပီယံရှစ်တင်းနစ်ပြိုင်ပွဲနှင့် လွဲချော်ခဲ့ရသည့်အတွက် စိတ်ပျက်မိကြောင်း ပြောကြားခဲ့သည်။ ကမ္ဘာ့အဆင့်(၅)တင်းနစ်သမားရော့ဒစ်ခ်သည် ဝင်ဘယ်ဒန်ဗိုလ်လုပွဲ စတုတ္ထပွဲစဉ်တွင်လဲကျကာ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

## ဘယ်လက်စ်တာရို့စ် အမေရိကန်အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်မည်

လန်ဒန် ဇူလိုင် ၂၁

ဂေါက်သီးအကျော်အမော် ဆီဗီဘယ်လက်စ်တာရို့စ်သည် ၎င်း၏ဦးနှောက်ခွဲစိတ်ကုသမှုနှင့် ဓာတုကုထုံးများဖြင့် ကုသရာမှ ပြန်ကောင်းလာပြီဖြစ်သည့်အတွက် ၂၀၁၀ ပြည့်နှစ်၌ စိန့်အင်ဒရူးတွင် ကျင်းပမည့် အမေရိကန်အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားရန် ပစ်မှတ်ထားလှေ့ကျင့်လျက်ရှိသည်။ အသက် ၅၂နှစ်ရှိ ဘယ်လက်စ်တာရို့စ်သည် ဦးနှောက်တွင်ဖြစ်ပွားသော အကျိတ်အဖုများနှင့် ဦးခေါင်းခွံတွင်တွယ်နေသော ယင်းအကျိတ်များကို လျှော့ချရန် ခွဲစိတ်မှုလေးကြိမ် ပြုလုပ်ခဲ့ရသည်ဟုဆိုသည်။

စပိန်ဂေါက်သီးသမား ဘယ်လက်စ်တာရို့စ်သည် ၁၉၈၄ခုနှစ်တွင် စိန့်အင်ဒရူး၌ကျင်းပသော အမေရိကန်အိုးပင်း ချန်ပီယံရှစ်အပါအဝင် အိုးပင်းဆုဖလား သုံးလုံးဆွတ်ခူးခဲ့သည်။ ၁၉၈၄ခုနှစ် အမေရိကန်အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပြိုင်ဘက် ဘန်းဟတ်ဒ်ကန်ဂါနှင့် တွမ်ဝပ်ဆန်တို့ ထက်လျှော့ရိုက်ချက်နှစ်ချက်အသာဖြင့် ဆုဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

## ပြင်သစ်တင်းနစ်သမား ဂက်စ်ကွက် ပြိုင်ပွဲပြန်လည်ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိ

**လန်ဒန် ဇူလိုင် ၂၁**

ပြင်သစ်တင်းနစ်ကစားသမား ရစ်ချက်ဂက်စ်ကွက်သည် ကိုကင်းသုံးစွဲမှုလက္ခဏာ ၎င်းတွင်မတွေ့ရှိရကြောင်း ဆေးစစ်ဆေးမှုအဖြေရရှိပြီးနောက် တင်းနစ်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကစားခွင့် ရရှိခဲ့ပြီဖြစ်သည်။

**ချစ်စိုးနိုင်ရေးသားသည်**

**ပြန်လည် ရရှိ**

အသက် ၂၃နှစ်ရှိ ကမ္ဘာ့အဆင့်(၃၂) တင်းနစ်သမား ဂက်စ်ကွက်သည် ပြီးခဲ့သည့် မတ်လအတွင်းက ကျင်းပသော မီယာမီ မာစတာတင်းနစ်ပြိုင်ပွဲတွင် ဆေးသုံးစွဲသည်ဟု သက်ဆိုင်ရာက ယူဆပြီးနောက် မေလအတွင်းက ပြိုင်ပွဲဝင်ခွင့် ယာယီပိတ်ပင်ခြင်း ခံခဲ့ရသူဖြစ်သည်။ သို့သော်လည်း ညကလပ်တစ်ခုသို့ သွားရောက်စားသောက်စဉ်အတွင်း ကိုကင်းဓာတ်သည် ၎င်း၏ခန္ဓာကိုယ်အတွင်းသို့ အမှုမဲ့ အမှတ်မဲ့ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်ဟူသော ဂက်စ်ကွက်၏ ခုခံချေပချက်ကို နိုင်ငံတကာ ဖက်ဒရေးရှင်း(အိုင်တီအက်ဖ်)က လက်ခံခဲ့သဖြင့် ယခုကဲ့သို့ ပြိုင်ပွဲဝင်ခွင့် ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

## ရေစီးရေလာကောင်းမွန်ရေး ချောင်းဦး၌ ဆောင်ရွက်

**ချောင်းဦး ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မုံရွာ-မန္တလေး လမ်းမကြီးဘေးဝဲယာ (ဗိုလ်ချုပ်လမ်း)များ၌ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများတူးဖော်ခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်ခြင်းများကို ဇူလိုင် ၁၁ရက် နံနက်က အဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်နေမှုကိုအမှုဆောင်အရာရှိ ဦးကျော်စိုးက ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

(မြို့နယ်စည်ပင်)

## အခြေခံကွန်ပျူတာသင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၂၁**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းနှင့် Information Channel (i-channel) တို့ ပူးပေါင်းစီစဉ်မှုဖြင့် Basic Computer သင်တန်းအမှတ်စဉ် (၃/၂၀၀၉)ကို ဩဂုတ် ၈ ရက်မှ စတင်၍ သုံးလကြာဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ သင်တန်းသူ အမျိုးသမီး ၁၅ဦးသာ လက်ခံသင်ကြားမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို Information Channel (Computer Training Centre) **အမှတ် ၁၅၄၊ ဦးချစ်မောင်လမ်း၊ ဦးချစ်မောင်အိမ်ရာအနီး၊ တာမွေ၊ မြလမ်းမှတ်တိုင် ဖုန်း- ၀၉-၈၆-၁၀၅၁၀** တွင် ရယူ၍ ဩဂုတ် ၇ရက် နောက်ဆုံးထားပြီး ပြန်လည်ပေးပို့ရမည်ဖြစ်သည်။

**(အမျိုးသမီးရေးရာ)**

## သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပဲခူးတိုင်း၊ အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့၊ ဈေး(၂)လမ်းနေ
ဦးစန်းမြင့်-ဒေါ်ခင်မြတို့၏ သား

**မောင်ဝင်းကိုကို (2nd ,Phil)**

နှင့်

ပဲခူးတိုင်း၊ ထန်းတပင်မြို့နယ်နေ
ဦးဝင်းသိန်း-ဒေါ်ရီစိန်
ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သမ္မာဒိဋ္ဌိလမ်း၊ အမှတ် ၅၅ နေ
ဦးမြင့်ဆန်းဝင်း (အလက၊ကြိမ်တောမြောင်)-ဒေါ်နှင်းရီ
(အမက-၁၈၊ဒလ) တို့၏သမီး

**မအေးအိအိအောင်(ခ)ကြိုးကြာ (Final Year, Law)**

တို့သည် ၁၈-၇-၂၀၀၉ ရက်တွင် နှစ်ဖက်လူကြီးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်မိဘများနှင့်**
**မောင်ဝင်းကိုကို-မအေးအိအိအောင်။**

## ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းအတွက် ရုပ်ရှင်ရိုက်ဖလင်ရိုင်းများ ဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရုပ်ရှင်ရိုက် ဖလင်ရိုင်းများကို ဝယ်ယူလိုပါသည်-

(က) ဆေးရောင်စုံနဂ္ဂတစ်ဖလင် ပေ ၄၀၀ ၂၅၀ ဘူး

(ခ) ဆေးရောင်စုံပေါ့စတစ်ဖလင် ပေ ၂၀၀၀ ၁၆၀ ဘူး

၂။ တင်ဒါပေးသွင်းမှုကို၇-၈-၂၀၀၉ရက်၁၆း၃၀နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ
**ပစ္စည်းများ ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ**
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ် ၂၈၊ ကုက္ကိုင်းရိပ်သာလမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၃၄၅၇၄၊ ၅၃၆၀၂၉။

**စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်လိုက်ပါလျက် ဇွန် ၁၃ရက်က ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉- ၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော မြို့ပတ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို စစ်ဆေးစဉ်။**

(ပြည်နယ်စည်ပင်)

## မောင်ဝဏ္ဏ(ခ)ရေမွန်ကြည်ညွှန့် ၁၂/ရကန(နိုင်)၀၁၂၄၃၇အား သွာနုတ္တ သားသမီးဖြစ်ကြောင်းနှင့် အမွေစားအမွေခံသားသမီးအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ တိုက်အမှတ်၁၁၈၊ အခန်းအမှတ်၅နေ ဒေါ်ခင်နု [၁၂/ရကန (နိုင်) ၀၀၅၃၅၉]၏ ညွှန်ကြားချက်အရ မောင်ဝဏ္ဏ(ခ)ရေမွန်ကြည်ညွှန့် [၁၂/ရကန(နိုင်)၀၁၂၄၃၇]နှင့် ပတ်သက်၍ အောက်ပါ အတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်နု၏သား မောင်ဝဏ္ဏ(ခ)ရေမွန်ကြည်ညွှန့်သည် မိခင်ဖြစ်သူ ဒေါ်ခင်နုနှင့် ဆွေမျိုး ညီအစ်ကို မောင်နှမများ၏ လူပုဂ္ဂိုလ်သိက္ခာ၊ လုပ်ငန်းသိက္ခာများကို ငဲ့ကွက်ထောက်ထားခြင်းမရှိဘဲ မိဘညီအစ်ကို မောင်နှမများ စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်းများဖြစ်အောင် အကြိမ်ကြိမ် ပြုလုပ်ဆောင်ရွက်လုပ်ကိုင်နေသည့်အတွက် ၎င်းအား သွာနုတ္တသားသမီးတစ်ဦးအဖြစ် ကြေညာ၍ အမွေစားအမွေခံသားသမီးအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်အကြောင်းအရာကိစ္စကိုမျှ မိဘညီအစ်ကိုမောင်နှမများအနေဖြင့် တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ - **ဦးချစ်ကိုကို**
**LL.B, H.G.P., Dip in Business Law**
**Dip in Applied Psychology, Dip in Maritime Law**
**WIPO (Switzerland)**
တရားရုံးချုပ်ရှေ့နေကြီးနှင့် စီးပွားရေးလုပ်ငန်းဥပဒေဆိုင်ရာအကြံပေးပုဂ္ဂိုလ်
အမှတ်၆၀၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၂၉၂၄။

## အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ စမ်းချောင်းမြို့နယ် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ ဖိတ်ကြားခြင်း

၂၀၀၉ခုနှစ် မတ်လတွင် ကျင်းပပြီးစီးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာဂုဏ်ထူးရှင် ၁၅ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၃၁ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၂၀၊ သုံးဘာသာဂုဏ်ထူးရှင် ၂၅ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၉ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၄၅ဦးအား ပညာရည်ချွန်ဆုချီးမြှင့်မည့် အခမ်းအနားကို **၁-၈-၂၀၀၉ရက် (စနေနေ့) နံနက် ၉ နာရီတွင် စံပယ်ခန်းမ၌** ကျင်းပမည်ဖြစ်ပါ၍ ထူးချွန်သမီး ကျောင်းသူများ မပျက်မကွက် ဆုတက်ရောက်ယူရန် ဖိတ်ကြားပါသည်။

**မိဘဆရာအသင်း**
**အထက(၂)စမ်းချောင်း။**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးသိန်းထွန်း ၉/အမရ(နိုင်)၀၇၄၄၆၁ပိုင် ယာဉ်အမှတ် ၈င/၃၀၅၆မော်တော်ယာဉ်တန်ဖိုးဖြတ်ပုံစံ(၁) ပျောက်ဆုံး၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၀-၂၀၈၈၂။**

## မူဆယ်၌ စာဖတ်ဝိုင်းကျင်းပ

**မူဆယ် ဇူလိုင် ၂၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အနေဖြင့် ကျေးလက်နေပြည်သူများ သာမက ဝန်ထမ်းများပါ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ဆောင်းပါးရှင်၏ အာဘော်များကိုသိရှိနားလည်သဘောပေါက်စေရေးအတွက် စာဖတ်ဝိုင်းများကို အပတ်စဉ် ဆောင်ရွက်လျက်ရှိသည်။

### ဖတ်ကြား

မူဆယ်ခရိုင်၏ ဇူလိုင်လ တတိယပတ်အတွက် ပြုလုပ်သော စာဖတ်ဝိုင်းကို မူဆယ်ခရိုင် ရုံးခန်းမ၌ ဇူလိုင် ၂၀ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ဇူလိုင် ၁၄နှင့် ၁၅ရက်ထုတ် မြန်မာ့အလင်း သတင်းစာပါ ဆောင်းပါးရှင်မောင်မှတ်၏"ပူးပေါင်းဆောင်ရွက်မှုကို ဖော်ဆောင်လျက် လက်ကမ်းလျက်ပါ ၁နှင့် ၂"ကို ဖတ်ကြားကြသည်။

### ဆွေးနွေး

အဆိုပါ စာဖတ်ဝိုင်းတွင် ခရိုင်ဦးစီးအရာရှိ ဦးဆန်းဝင်းက စာဖတ်ဝိုင်းဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်၊ ယနေ့ကာလတွင် သတင်းစာများ၏ ရေးသားဖော်ပြထားသည့် မြန်မာ့သတင်း၊ ကမ္ဘာ့သတင်း၊ ဆောင်းပါးများ၊ စာစုများကို အဆက်မပြတ်သတိပြုလေ့လာဖတ်ရှုနိုင်ရေး၊ စာဖတ်ဝိုင်းများကျင်းပပေးမှုကြောင့် ရရှိသည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး မူဆယ်ခရိုင်ရုံးနှင့် မန့်ဟီးရိုးမြို့နယ် ဝန်ထမ်းများက ဆောင်းပါးကို ဖတ်ကြားပြီး မူဆယ်မြို့နယ်ဦးစီးမှူးနှင့် မန့်ဟီးရိုးမြို့နယ် ဦးစီးမှူးတို့က သုံးသပ်တင်ပြကြသည်။ ယင်းနောက် ခရိုင်ဦးစီးအရာရှိက ဆောင်းပါးရှင်၏ ဆိုလိုရင်းအဓိပ္ပာယ်ကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်း၊ အမှတ်(၁၈၅/၁၉၀)၊ အခန်း(၉၀၂)တွင်ရုံးခန်းဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသော Delicious Food Limited သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုမ္ပဏီ၏မူပိုင် အမှတ်တံဆိပ်များအဖြစ် မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်။

I DO BAGAE SAN

I DO OWE TIKE BAGAN SAY

I DOE BAGAN SAY

I DOE BAGAE SAN

I DO SAY KYAW THANT SHIN

I DO BAGAN SAY

အထက်တွင် ကပ်နိုပ်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားများကို အသုံးပြု၍ Delicious Food Limited. သည် အရည်အသွေးမီ

(က) Shower Cream/Gel၊ ကိုယ်တိုက်နှင့်အဝတ်လျှော်ဆပ်ပြာအမျိုးမျိုး၊ ခေါင်းလျှော်ရည်အမျိုးမျိုး

(ခ) ရေမွှေးအမျိုးမျိုး၊ ခေါင်းလိမ်းဆီ၊ မိတ်ကပ်အမျိုးမျိုး၊ နှုတ်ခမ်းနီ၊ လက်သည်းနီ၊ လိုင်နာ၊ အသားလှဆေးရည်၊ အသားလှကရင်(မ်)၊ ချိုင်းလိမ်းဆီ၊ သနပ်ခါးအမျိုးမျိုးနှင့် အလှကုန်ပစ္စည်းအမျိုးမျိုး၊

(ဂ) အိမ်သုံးနှင့် မီးဖိုချောင်သုံးပစ္စည်းအမျိုးမျိုးနှင့်

(ဃ) လူသုံးကုန်ပစ္စည်းအမျိုးမျိုး

တို့ကို ထုတ်လုပ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသ (သို့မဟုတ်) အစိတ်အပိုင်းကို ဆင်တူယိုးမှားပြုလုပ်၍ဖြစ်စေ၊ ထင်ယောင်ထင်မှားတုပပြုလုပ်၍ဖြစ်စေ၊ ထုတ်လုပ်ခြင်း၊ မှာယူတင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးအီနုစ် (တရားရုံးချုပ်ရှေ့နေ)**
**YE NOOS & ASSOCIATES(Law Firm)**
**အမှတ် ၁၇၆ (ပထမထပ်)၊ မိဘရိပ်မွန်အိမ်ရာ၊**
**ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်မြို့၊**
**ဖုန်း-၃၉၇၂၃၄၊ ၂၉၆၁၃၂၊ ၂၀၃၀၂၃၊ ၂၀၃၄၉၆။**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်း၊ အမှတ် (၁၈၅-၁၉၀)၊ အခန်း(၉၀၂)တွင် ရုံးခန်းဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသော Diesel King Co., Ltd. သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများကို ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ကုမ္ပဏီမူပိုင် အမှတ်တံဆိပ်များအဖြစ် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။

LASER ONE

LASER WHITE

LASER GATE

LASER FINE

LASER PREMIUM

LASER SMILE

LASER SPECIAL

LASER UP

LASER KIDS

LASER HERBEL

LASER SUPER

LASER NATURAL

LASER STRONG

LASER FRESH

LASER PLUS

LASER GREEN

LASER POWER

LASER COMPLETE

LASER TOTAL

အထက်တွင် ကပ်နိုပ်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားများကို အသုံးပြု၍ Diesel King Co., Ltd. သည် "အရည်အသွေးမီ သွားတိုက်ဆေးအမျိုးမျိုး၊ သွားပွတ်တံအမျိုးမျိုး၊ ခံတွင်းသန့်ရှင်းရေးပစ္စည်းအမျိုးမျိုး၊ ဆပ်ပြာအမျိုးမျိုး၊ ခေါင်းလျှော်ရည်အမျိုးမျိုး၊ ရေမွှေးအမျိုးမျိုး၊ ခေါင်းလိမ်းဆီ၊ မိတ်ကပ်အမျိုးမျိုး၊ နှုတ်ခမ်းနီ၊ လက်သည်းနီ၊ လိုင်နာ၊ အသားလှဆေးရည်၊ အသားလှကရင်(မ်)၊ ချိုင်းလိမ်းဆီ၊ သနပ်ခါးအမျိုးမျိုးနှင့် အလှကုန်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်ပစ္စည်းအမျိုးမျိုး၊ လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ အိမ်သုံးနှင့် မီးဖိုချောင်သုံးပစ္စည်းအမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုး"တို့ကို ထုတ်လုပ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချိရောင်းချသွားမည် ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသ(သို့မဟုတ်) အစိတ်အပိုင်းကို ဆင်တူယိုးမှားပြုလုပ်၍ဖြစ်စေ၊ ထင်ယောင်ထင်မှားတုပပြုလုပ်၍ဖြစ်စေ၊ ထုတ်လုပ်ခြင်း၊ မှာယူတင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးအီနုစ် (တရားရုံးချုပ်ရှေ့နေ)**
**YE NOOS & ASSOCIATES (Law Firm)**
**အမှတ် ၁၇၆(ပထမထပ်)၊ မိဘရိပ်မွန်အိမ်ရာ၊**
**ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်မြို့။**
**ဖုန်း-၃၉၇၂၃၄၊ ၂၉၆၁၃၂၊ ၂၀၃၀၂၃၊ ၂၀၃၄၉၆။**

# စဥ့်ကူးမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပွဲကျင်းပ

စဥ့်ကူး ဇူလိုင် ၁၅

**၂၀၀၉ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် စဥ့်ကူးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ စုပေါင်းသစ်ပင်စိုက်ပွဲကို ဇူလိုင် ၂ ရက် နံနက် ၈ နာရီက စဥ့်ကူး-လက်ပန်လှသွား (ကြို့ပင်)ကားလမ်းဘေး၌ ကျင်းပသည်။**

အဆိုပါသစ်ပင်စိုက်ပွဲသို့ မြို့နယ် ဥက္ကဋ္ဌ ဦးစိုင်းမောင်လှနှင့် အဖွဲ့ဝင်များ၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဆွေသန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှု အားပေးကြပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းစန်းလှိုင်၊ အတွင်းရေးမှူး ဒေါ်တင်မြင့်နှင့် ကော်မတီဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မြို့နယ်သစ်တောဦးစီးဌာန ဝန်ထမ်းများက သတ်မှတ်နေရာများ၌ ကျွန်းပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

(မြို့နယ် ပြန်/ဆက်)



ငါန်းဇွန်မြို့နယ် ကျောက်တလုံး-လက်ပံဇင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းခွင်၌ လမ်းခင်းကျောက် စုဆောင်းပြီးစီးမှုအခြေအနေကို ဇွန် ၂၇ ရက်က အမှုဆောင်အရာရှိ ဦးဝင်းဗိုလ် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

# ကျေးလက်အိမ်ရာထူထောင်ရေး ပွင့်ဖြူ၌ တစ်အိမ်ထောင် ကျွန်းသုံးပင်စိုက်ပျိုး

ပွင့်ဖြူ ဇူလိုင် ၁၅

မကွေးတိုင်း သစ်တောဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တစ်အိမ်ထောင် ကျွန်းသုံးပင်စိုက်ပျိုးရန် တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ပွင့်ဖြူမြို့နယ် ကံသာကြီးကျေးရွာ၌ ဇွန် ၁၈ရက်က ကျင်းပသည်။

## ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးလှငွေးက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူးဦးခင်မောင်လင်းက သစ်ပင်စိုက်ပျိုးမှုအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးလှငွေးနှင့်အဖွဲ့က အိမ်ထောင်စု ၅၀၅စုအတွက် ကျွန်းပင် ၁၅၁၅ပင်ကို ပေးအပ်ပြီး ကျေးရွာပြည်သူများ၏ နေအိမ်ခြံဝင်းများတွင် စိုက်ပျိုးခဲ့ကြသည်။ **(အောက်ပုံ)**

၂၀၀၉ ခုနှစ် မိုးရာသီတွင် ပွင့်ဖြူမြို့နယ်၌ ကျွန်း ၉၄၇၉ ပင်၊ ကျေးရွာသုံး သစ်မာစိုက်ခင်း ၁၄ဧကအတွက် ယူကလစ်ပင် ၈၄၀၀နှင့် တစ်အိမ်ထောင်သစ်မာပင်၂၀ ဖြင့် အပင်၃၅၈၈၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ဟားခါး အထက(၁)၌ မြန်မာအမျိုးသမီးများနေ့ စာစီစာကုံးပြိုင်

ဟားခါး ဇူလိုင် ၁၁

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၂၂ ရက် နံနက်က ဟားခါးမြို့ အထက(၁)၌ ကျင်းပရာ ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်းနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်အားပေး ကြည့်ရှုကြပြီး အုပ်စုအဆင့်များခွဲ၍ ဟားခါးမြို့ပေါ် အထက၊ အလကနှင့် မူလွန်ကျောင်းများမှ ကျောင်းသူ စုစုပေါင်း ၇၇ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

(ပြည်နယ် ပြန်/ဆက်)

# မန္တလေး၌ ရေကောင်းရေသန့် လုံလောက်စွာရရှိရေး ရေတွန်းစက်ရုံနှင့် စက်ရေတွင်းများ တိုးချဲ့တူးဖော်

မန္တလေး ဇူလိုင် ၁၅

**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင်ဦးမြင့်သိန်း၊ ဦးကျော်ဝင်းနှင့် ဌာနမှူးများလိုက်ပါလျက် ဇွန် ၃၀ရက် နံနက် ၁၁နာရီက ချမ်းအေးသာစံမြို့နယ် ၃၄လမ်း၊ ၈၅လမ်းနှင့် ၈၆လမ်းကြားရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှုဌာန မလွန်ရေတွန်းစက်ရုံနှင့် ရေလှောင်ကန်သို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။** (အပေါ်ပုံ)

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် မလွန်ရေတွန်းစက်ရုံသို့ ရောက်ရှိလာရာ မြို့တော်ဝန်အား ရေနှင့်သန့်ရှင်းမှုဌာန ဌာနမှူး ဦးထွန်းကြည်နှင့် တာဝန်ခံအင်ဂျင်နီယာများက မလွန်ရေတွန်းစက်ရုံအတွင်း ရေတွန်းစက်ကြီးများ မောင်းနှင်လည်ပတ်နေမှုနှင့် စက်စွမ်းအားအခြေအနေ၊ မလွန်ရေတွန်းစက်ရုံမှတစ်ဆင့် မန္တလေးမြို့တော်အတွင်း တစ်နေ့လျှင် ရေဂါလန်သန်းခန့် ဖြန့်ဝေပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ရေတွန်းစက်ရုံအတွင်း ရေတွန်းစက် မော်တာသုံးလုံးဖြင့် မောင်းနှင်လည်ပတ်နေမှုနှင့် ရေတွန်းစက်ကြီးများအခြေအနေ၊ ရေဂါလန် ငါးသိန်းဆံ့ ရေလှောင် ကန်နှင့် ရေတွန်းစက်ရုံပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း ဆောင် ရွက်ထားရှိမှု၊ ရေဓာတ်ခွဲခန်း အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး မြို့တော်ဝန်က မန္တလေးမြို့တော်နေ ပြည်သူများ ရေကောင်းရေသန့် လုံလောက်စွာရရှိရေးအတွက် စီမံကိန်းများ ချမှတ်၍ နှစ်စဉ်ရေတွန်းစက်ရုံကြီးများ၊ စက်ရေတွင်းများကို တိုးချဲ့တူးဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ရေတွန်းစက်ကြီးများအား စနစ်တကျ ကိုင်တွယ်အသုံးပြု မောင်းနှင်ရေး၊ စက်ကြီးများကြံ့ခိုင်မှုရှိရေး၊ လုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ရေနှင့်သန့်ရှင်းမှုဌာန ဌာနမှူးနှင့်တာဝန်ခံ အင်ဂျင်နီယာများအား မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက် ပေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် မလွန်ရေတွန်းစက်ရုံ ပတ်ဝန်းကျင် ရေနုတ်မြောင်းများ ရေစီးဆင်းမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၁၁၃)

**ဇွန်၁၁ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် မိုင်းပျဉ်းမြို့ မြို့ရေပေးရေး လုပ်ငန်းဆောင်ရွက်ထားမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခွန်ဇော်ဦးက ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)

# ပေါင်မြို့နယ် ထန်းပင်ချောင်ကြီးကျေးရွာတွင် အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသပေး

ပေါင် ဇူလိုင် ၁၈

မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ပြည်နယ်ဆရာဝန်ကြီး ဒေါက်တာငွေအောင်နှင့် မော်လမြိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဉာဏ်ဇော် ဦးဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ပေါင်မြို့နယ် ထန်းပင်ချောင်ကြီးကျေးရွာသို့ ဇွန် ၂၅ရက် နံနက်၉ နာရီကသွားရောက်၍ ကျေးရွာပြည်သူများအား ကျန်းမာရေးပညာပေးဟောပြော၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အခမဲ့ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။ **(အောက်ပုံ)**

## ခွဲစိတ်ကုသပေး

ထိုသို့ ဆောင်ရွက်ရာတွင် အထူးကုဆရာဝန်ကြီး ၁၁ဦးနှင့် အဖွဲ့ဝင် ၄၀ လိုက်ပါလျက် ကျေးရွာမှလူနာ ၅၆၄ဦးအား အထွေထွေရောဂါမျိုးစုံကို စမ်းသပ်ကုသပေးပြီး မျက်စိ ဝေဒနာရှင် ၃၃ ဦးတို့အား အခမဲ့ ခွဲစိတ်ကုသပေးခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

# မြို့နယ် သတင်းများ

# ရေစကြိုမြို့၌ သစ်ပင်စိုက်ပျိုး

ရေစကြို ဇူလိုင် ၁၄

မကွေးတိုင်း ရေစကြိုမြို့နယ် ထန်းငယ်တောကျေးရွာအုပ်စု နည်းပညာ တက္ကသိုလ် (ပခုက္ကူ) ကျောင်းဝင်းအတွင်း ၂၀၀၉ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၄ရက်က ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘကြည်နှင့် ပခုက္ကူ ခရိုင်ဥက္ကဋ္ဌ ဦးဇော်ဝင်းတို့က သစ်ပင်များ စိုက်ပျိုးပေးကြသည်။ အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးမြငွေနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူ ၁၃၀၀ ကျော်တို့က သစ်ပင်မျိုးစုံ ၂၀၂၀ကို စိုက်ပျိုး ကြသည်။

(ဝ၆၉)

# ဆီဆိုင်မြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

*ဆီဆိုင် ဇူလိုင် ၁၃*

*မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ရက်က ဆီဆိုင်မြို့နယ် ဆိုက်ခေါင်စံပြကျေးရွာ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခိုင်ထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးအောင်မိုးနှင့်ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများက ကျွန်း၊ ယူကလစ်၊ မဲဇလီ စုစုပေါင်းအပင် ၄၅၀၀ တို့ကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။* ***(မြို့နယ် ပြန်/ဆက်)***

**သံတောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပတ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် ကျောက်စုဆောင်းထားရှိမှုကို ဇူလိုင် ၂ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်စွာလင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မင်းထွန်းတို့က ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ် ပြန်/ဆက်)

## ရေနုတ်မြောင်းတူးဖော်

**ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရေစီးရေလာကောင်းမွန်ရေး မြို့တွင်းလမ်းများ လမ်းဘေးဝဲယာတွင်ရေနုတ်မြောင်းတူးဖော်ခြင်းကို အဖွဲ့ပိုင်စက်ယန္တရားဖြင့် ဆောင်ရွက်ရာ ဇွန် ၂၂ ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းသန့် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

# ငါးလုပ်ငန်းဆိုင်ရာ ငါးဆေးထိုးသားဖောက် ဟောပြောပွဲ ပုသိမ်၌ကျင်းပ

**ပုသိမ် ဇူလိုင် ၁၈**

ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ကြီးကြပ်မှုဖြင့် ငါးလုပ်ငန်းဦးစီးဌာန ငါးလုပ်ငန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဝင်းမြင့်မောင်သည် ပုသိမ်တက္ကသိုလ် စတုတ္ထအကြိမ်မြောက် ရေတွင်စိုက်ပျိုးမွေးမြူရေး အတတ်ပညာ ဒီပလိုမာသင်တန်းမှ သင်တန်းသား သင်တန်းသူများအား ဇူလိုင် ၁၁ရက် နံနက် ၈နာရီက ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာနရုံး၌ တွေ့ဆုံသည်။

ထို့နောက် ညွှန်ကြားရေးမှူးက သင်တန်းသား သင်တန်းသူများအား မြန်မာနိုင်ငံနှင့် ငါးဆေးထိုးသားဖောက်လုပ်ငန်းသမိုင်း၊ ငါးလုပ်ငန်းဦးစီးဌာန၏ ဆောင်ရွက်နေမှုများနှင့် ရေသယံဇာတထိန်းသိမ်းရေး ဆောင်ရွက်နေမှု ဆောင်ရွက်ရန်များကို ရှင်းလင်းဆွေးနွေး ဟောပြောသည်။ **(အောက်ပုံ)**

ဆွေးနွေးဟောပြောပွဲသို့ ဧရာဝတီတိုင်းငါးလုပ်ငန်းဦးစီးဌာန တိုင်းငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးအောင်၊ ပုသိမ်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာန ပါမောက္ခ ဦးခင်မောင်ချို၊ တွဲဖက်ပါမောက္ခ ဦးငွေအောင်နှင့် သင်တန်းနည်းပြများ၊ ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြတ်သာထွန်း၊ သာပေါင်းမြို့နယ်ဦးစီးမှူး ဦးမောင်မောင်ကျော်၊ ကျုံပျော်မြို့နယ်ဦးစီးမှူး ဦးအောင်ဆန်းဝင်း၊ ပုသိမ်ငါးလုပ်ငန်းစခန်းတာဝန်ခံဦးတင်မောင်ဦးနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်၊ စခန်းတာဝန်ခံများ၊ ဝန်ထမ်းများနှင့် သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ကြသည်။

အဆိုပါသင်တန်းတွင် ပုသိမ်ငါးလုပ်ငန်းစခန်း၏ ငါးဆေးထိုးသားဖောက်ခြင်းလုပ်ငန်းကို လက်တွေ့ရှင်းလင်းပြသပြီး ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိသည့် ပေါင်းစည်းလယ်ယာ စိုက်ပျိုးမွေးမြူရေး တည်ရှိရာ တိုင်းငါးလုပ်ငန်းဦးစီးဌာနဝင်းအတွင်းသို့ လိုက်လံရှင်းလင်းပြသ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် သစ်တောဦးစီးဌာနကကြီးမှူး၍ သစ်ပင်စိုက်ပျိုးပွဲကို ဇွန်၂၈ရက်က ကျွန်းလှ-ကန့်ဘလူ ကားလမ်းဘေးဝဲယာ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအေးနိုင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက ကျွန်းပင်များ စိုက်ပျိုးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

# မော်လမြိုင်ကျွန်း၌ အသေးစားချေးငွေထုတ်ချေး

**မော်လမြိုင်ကျွန်း ဇူလိုင် ၁၆**

ဗဟိုသမဝါယမအသင်း လီမိတက် အသေးစားချေးငွေလုပ်ငန်းခွဲ၏ စီစဉ်မှုဖြင့် မော်လမြိုင်ကျွန်းမြို့ အသေးစားချေးငွေလုပ်ငန်းမှ အသေးစားချေးငွေထုတ်ချေးပွဲကို ဇူလိုင် ၆ရက် ညနေ ၄ နာရီက မော်လမြိုင်ကျွန်းမြို့ မြို့မ (၉)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ယင်းအသေးစားချေးငွေထုတ်ချေးပွဲတွင် မြို့နယ်အသေးစားချေးငွေလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဦးချစ်စိန်၊ စည်းရုံးရေးမှူး ဦးခင်မောင်ညွန့်နှင့် စာရင်းကိုင် ဦးသန်းရှိန်တို့က မြို့မ(၉)ရပ်ကွက်မှ ချေးငွေအဖွဲ့ဝင် ၁၀၀တို့အား တစ်ဦးလျှင်ကျပ်သုံးသောင်းစီဖြင့် ငွေကျပ်သိန်း ၃၀ထုတ်ချေးပေးခဲ့သည်။ **(အောက်ပုံ)** (၁၄၂)

**သေးတဲ့ငါးကို ကြီးစေလို ငါးသန်ဆို မဖမ်းနဲ့**

# ခင်ဦး၌ ကျန်းမာရေးပညာပေး ဟောပြော

**ခင်ဦး ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ခင်ဦးမြို့နယ် မကျီးတုံကျေးရွာ မူလတန်းကျောင်း၌ ကျန်းမာရေးအသိပညာပေးဟောပြောပွဲ၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာပေးအပ်ပွဲကို ဇွန် ၁၉ရက် နံနက် ၁၀နာရီက ကျင်းပရာ ရွှေဘိုခရိုင် ဆရာဝန်ကြီးက ကျန်းမာရေးဆိုင်ရာ ရောဂါကာကွယ်ရေး ဟောပြောသည်။

ဆက်လက်၍ ရွှေဘိုခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်နုက ကျောင်းဝတ်စုံ၊ စာရေးကိရိယာများနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဖြူဝင်းက သွားတိုက်ဆေးများနှင့် သက်ကြီးဘိုးဘွား ရှစ်ဦးအတွက် အလှူငွေများ ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

# ကျေးလက်အိမ်ရာ ထူထောင်ရေး ကျေးရွာပိုင် စိုက်ခင်းတည်ထောင်

**တောင်ငူ ဇူလိုင် ၁၆**

ကျေးလက်အိမ်ရာ ထူထောင်ရေး ကျေးရွာပိုင် သစ်တောစိုက်ခင်းတည်ထောင်ပွဲကို ဇူလိုင် ၅ရက် နံနက် ၉ နာရီက တောင်ငူမြို့နယ် ငါဖယ်အင်းကျေးရွာ စိုက်ခင်းတစ်ဧက၌ ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် တောင်ငူမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဆလိုင်စေဦး၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် ကျေးရွာသူ ကျေးရွာသားများက ယူကလစ်ပင်၆၀၀ကို တပျော်တပါးစိုက်ပျိုးကြကြောင်း သိရသည်။ **(အောက်ဝဲပုံ)**

**(ခရိုင် ပြန်/ဆက်)**

ပဲခူးခရိုင် ကျောက်တံခါးမြို့နယ်၏ ၂၀၀၉-၂၀၁၀ မိုးစပါးနှင့်မိုးသီးနှံစီမံကိန်း တာဝန်ပေးအပ်ပွဲကို မေ ၂၂ရက်က မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်က ရပ်ကွက်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌများသို့ စီမံကိန်းတာဝန်များ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

# သီပေါစာနယ်ဇင်း လုပ်ငန်းဆိုင်ရာစည်းဝေး

**သီပေါ ဇူလိုင် ၁၁**

သီပေါမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၄ရက် နံနက်၉နာရီက အဖွဲ့ရုံးတည်ရှိရာ ဇာတ်စုရပ်ကွက် နယ်မြေအမှတ်(၂)၌ကျင်းပရာ အဖွဲ့ဥက္ကဋ္ဌ ဦးလှမောင်လတ် (သီပေါကိုလတ်)က အဖွင့်အမှာစကားပြောကြားပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လိုအပ်ချက်အရ ဆက်စပ်မြို့နယ်များအတွက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ **(စာပေစာနယ်ဇင်း)**

# ဈေးရောင်းချမှုစစ်ဆေး

**သထုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မေ ၃၀ရက်က မြို့မဈေးအတွင်း အသား၊ ငါးရောင်းချသောဈေးသည်များ အလေး၊ တင်းတောင်း၊ ချိန်ခွင်မှန်ကန်စွာ ရောင်းချမှုရှိမရှိနှင့် သန့်ရှင်းမှု ရှိမရှိကို ဦးစီးအရာရှိ ဦးကျော်သူရချစ်၊ ဒုတိယဦးစီးမှူး (ဈေး) ဒေါ်ယုယုဇော်နှင့်အဖွဲ့ စစ်ဆေးဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

# ယာဉ်များသက်တမ်းတိုးခြင်းနှင့် စည်းကမ်းချက်များ ဟောပြော

**မြင်းမူ ဇူလိုင် ၁၈**

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူးဦးလေးနိုင် ဦးဆောင်သော နယ်လှည့်စစ်ဆေးရေးအဖွဲ့သည် မြင်းမူမြို့နယ် ကားကြီးအသင်း ဥက္ကဋ္ဌ ဦးသောင်းမြင့်နှင့် အဖွဲ့ဝင်များပူးပေါင်း၍ မော်တော်ယာဉ် သက်တမ်းတိုးပေးခြင်း၊ မော်တော်ဆိုင်ကယ် သက်တမ်းတိုးပေးခြင်း၊ ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးပေးခြင်းနှင့် ဆိုင်ကယ်စီးလူလိုင်စင်အသစ် ပြုလုပ်ပေးခြင်းတို့ကို မြင်းမူမြို့ ရှင်ပင်ရွှေစောလူး ဘုရားတောင်ဘက်မုခ်အနီးရှိ မိဘဂုဏ်ဓမ္မာရုံ၌ ဇွန် ၂၀ရက်က ဆောင်ရွက်ပေးခဲ့သည်။

**ဟောပြော**

၎င်းနောက် ခရိုင်ဦးစီးမှူး ဦးလေးနိုင်က မြင်းမူမြို့နယ်အတွင်းရှိ မော်တော်ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် မော်တော်ဆိုင်ကယ်စီးနင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရန် ဟောပြော ရှင်းလင်းသည်။ (၀၃၅)

**မြို့နယ် သတင်းများ**

# ကိုယ့်အားကိုယ်ကိုး မြေသားလမ်းဖွင့်

*နေပြည်တော်လယ်ဝေး ဇူလိုင် ၁၅*

*နေပြည်တော် လယ်ဝေးမြို့နယ် ကွမ်းခြံကျေးရွာနှင့် မြို့ရှောင်လမ်းမကြီး ဆက်သွယ်သည့် အရှည် ၁၀၈၇၅ပေ၊ အကျယ် ပေ၃၀၊ အမြင့်လေးပေ ကိုယ့်အားကိုယ်ကိုး မြေသားလမ်းဖွင့်ပွဲကို ဇွန် ၂၉ရက် နံနက်၈နာရီက ကွမ်းခြံကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကျော်ဇညားနှင့် နေပြည်တော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ကျော်မိုးတို့က အမှာစကားပြောကြားသည်။* *(၀၈၃)*

# ကျောက်ချော လမ်းခင်း

**အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်သည့် ညောင်ခြေထောက်-မျက်နီကွင်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဇွန် ၁၉ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)

## ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မန္တလေးအဝေးသင်တက္ကသိုလ်တွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေနှင့် နိုင်ငံခြားသုံးငွေ(US$)ဖြင့် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူလိုပါသည်။

၁။ စက္ကူထုပ် (၃) မျိုး
- (က) နိုင်ငံခြားစက္ကူ (A4 PPC)
- (ခ) နိုင်ငံခြားစက္ကူ (A3 PPC)
- (ဂ) နိုင်ငံခြားစက္ကူ $\frac{1}{4}$ (Legal)

၂။ **Furniture** (၃) မျိုး
1. CD Stand (Aluminium) (3'x 1' x 5 $\frac{1}{2}$') 1 No
2. Swivel Chair (Leeco) 3 Nos
3. Steel Cabinet (4 Drawers) 4 Nos

၃။ **Other**
1. Text Books and Reference Books 1 Lot

၂။ အမှတ်စဉ် (၃)ပါပစ္စည်းတင်သွင်းလိုသူများသည် နိုင်ငံခြားသုံးငွေ စာရင်း ဖွင့်ထားသူများသာ ဖြစ်ရမည်။

၃။ ချိပ်ပိတ်ဈေးနှုန်းလွှာများကို ၂၄-၇-၂၀၀၉ရက် (သောကြာနေ့) ညနေ၄း၃၀နာရီ နောက်ဆုံးထား၍ မန္တလေးအဝေးသင်တက္ကသိုလ် ပါမောက္ခချုပ်ရုံးခန်းရှိ တင်ဒါပုံးအတွင်းသို့ ထည့်သွင်းရပါမည်။ အသေးစိတ် အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၂-၆၅၉၈၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**မန္တလေးအဝေးသင်တက္ကသိုလ်။**

**ပျောက်ဆုံးခြင်း**

ယာဉ်အမှတ် ၂က/၂၄၉၅၏ အခွန်ကျေပုံစံ(၁) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။
**ဖုန်း-၀၉-၉၀-၅၈၉၈၉။**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စရပ်ကွက်၊ အကွက်အမှတ် တတ/၁၀၊ ဦးပိုင်အမှတ် (၇၁)၊ ၆၂လမ်း×၆၃လမ်း၊ ဘုရင့်နောင်လမ်း×အောင်ဇေယျလမ်းကြား ဦးမျိုးမြင့် အမည်ပေါက် မြေကွက်အား ဒေါ်ခင်နှင်း မှတ်ပုံတင်အမှတ် ၉/မခန(နိုင်)၀၄၉၃၂၂က အမှုတွဲအမှတ် ၂၃၈၂/၂၀၀၈-၂၀၀၉ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်း၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဇရပ်ကွက်၊ အကွက်အမှတ် နန/၁၉၊ ဦးပိုင်အမှတ် (၁၆)၊ ၆၄လမ်း×၆၅လမ်း၊ စံပြလမ်း×သခင်ဖိုးလှကြီးလမ်းကြား ဦးမြသန်း အမည်ပေါက် ဂရန်မြေကွက်အား ဒေါ်မြင့်ကြည် မှတ်ပုံတင်အမှတ် ၅/စကန(နိုင်)၀၉၁၄၃၄က အမှုတွဲအမှတ် ၂၁၃၄/၂၀၀၈-၂၀၀၉ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်း၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**


**ကိုအေးနှင့် ကိုညီညိုတို့အဖွဲ့**
**ဖုန်း-၀၉-၅၁-၁၄၃၃၂၊ ၅၂၅၂၈၉**

ပန်းအလှပင်များ၊ သီးနှံပင်များ၊ CACTACEAE စိုက်ပျိုးပေးခြင်း၊ မျိုးပွားပေးခြင်း၊ ပြုပြင်ပေးခြင်း၊ **မြေယာရှုခင်းအလှ၊** BONSAI. ROCKGARDEN ရေတံခွန်ငယ်များ ဆောင်ရွက်ပေးပါသည်။
ကိုအေး (မောင်သရစ်) ယခင်သန္တာတောင်ကြားဥယျာဉ်။
ကိုညို ယခင် ရင်ငြိမ်းပန်းဥယျာဉ်။

## ရောင်းမည်

၁။ မင်္ဂလာဈေးသစ်
(ပထမ)ထပ် (၃) ခန်းတွဲ။
၂။ ၅ပေတွင်ခုံကြီးဆွဲပစ္စည်းစုံ။
**ရုံးချိန် ဖုန်း-၂၄၉၈၅၆၊**
**၀၉-၅၁-၆၆၂၄၀။**


## ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံး ကိုဒုပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**မိတ္ထီလာခရိုင်တရားရုံး**
**၂၀၀၉ခုနှစ် တရားမဇာရီမှုအမှတ်-၆၅**

ဘဏ်ခွဲမန်နေဂျာ **နှင့်** ဦးဌေးအောင်
မြန်မာ့စီးပွားရေးဘဏ်
ဝမ်းတွင်းမြို့။
**တရားနိုင်** **တရားရှုံး**

၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၂၀၄တွင် ရရှိသော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၉ခုနှစ် ဩဂုတ် ၂၆ရက် (မြန်မာသက္ကရာဇ် ၁၃၇၁ခုနှစ် တော်သလင်းလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

### လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့၊ ပဲခင်းကျော်တမာကုန်းရပ်ကွက်၊ ကွင်းအမှတ်(၁၅၇၃/တမာကုန်းအရှေ့)၊ ဦးပိုင်အမှတ်(၁၀၃/၂၂၉)၊ မြေကွက်အမှတ်(၄၆၂/၉၃၅)၊ ဧရိယာ ၀.၁၁၅မ၁၉ဧကရှိမြေ၊ ယင်းမြေကွက်ပေါ်ရှိ (၃၆×၂၇)ပေ နံကပ်၊ သွပ်မိုး၊ ကွန်ကရစ်ခင်းတစ်ထပ်တိုက်၊ (၂၇×၁၈)ပေ သွပ်မိုး၊ ကွန်ကရစ်ခင်းအုတ်ကာ၊ ရက်ကန်းစက်ရုံ၊ စက်ပစ္စည်းများ။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၂၀၀။**

### ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၉ခုနှစ် ဇူလိုင် ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**ဘဏ်ဝင်း**
**ခရိုင်တရားသူကြီး**
**မိတ္ထီလာ။**

တရားမအယူခံဘက်-၁၃

**အယူခံမှုကို ကြားနာစစ်ဆေးရန်**
**ချိန်းဆိုသည့်နေ့ရက်ကိုအယူခံတရားပြိုင်များထံသို့**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄နှင့်ပုဒ်မ-၁၁၅)**
**တရားရုံးချုပ် ရန်ကုန်မြို့**
**၂၀၀၉ခုနှစ် တရားမ ပထမအယူခံမှုအမှတ်-၁၅၆**

ဒေါ်ရင်မေ **နှင့်** ဒေါ်သဇင်မော်ပါ-၅
**အယူခံတရားလို** **အယူခံတရားပြိုင်များ**

၂၀၀၉ခုနှစ် မတ် ၂၃ရက် ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ တရားမကြီးမှုအမှတ် ၅၇၁/၂၀၀၇၏ဒီကရီမှ အယူခံလျှောက်လွှာနှင့်ပတ်သက်၍ ၄။ ဦးချင်ကက်မွန်(ခ) ဦးကျော်ဝင်း၊ ၅။ ဒေါ်အေးအေးနှင်းလှိုင် အမှတ်-၄၊ အေးသာယာလမ်း၊ မန်အောင်ရပ်ကွက်၊ တာမွေမြို့နယ် ရန်ကုန်မြို့ (ယခင်လိပ်စာ၊ ယခုလိပ်စာမသိ)နေ အယူခံတရားပြိုင်များ သိစေရမည်။

ဤအမှုတွင် တိုင်းတရားရုံး၏ ဒီကရီမှ အယူခံလျှောက်လွှာတစ်စောင်ကို တရားရုံးချုပ်ရှေ့နေ ဦးရဲထွန်းကတင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုအယူခံလျှောက်လွှာကို ၂၀၀၉ခုနှစ် ဩဂုတ်လ ၃ရက် နံနက် ၁၀နာရီအချိန်တွင် ဤရုံးက ချိန်းဆိုပြီးကြောင်း အကြောင်းကြားပါသည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စား သင်၏တရားရုံးချုပ်ရှေ့နေကဖြစ်စေ၊ သို့မဟုတ် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ ဤရုံးသို့ မလာရောက်ခဲ့သော် သင်၏မျက်ကွယ်ရာတွင် ဤအမှုကို ဆုံးဖြတ်လိမ့်မည်။

၂၀၀၉ခုနှစ် ဇူလိုင် ၁၇ရက်တွင် တံဆိပ်ရိုက်နှိပ်သည်။

**အမိန့်အရ-**
**ဒေါ်စုငယ်**
**ဒုတိယညွှန်ကြားရေးမှူး**
**တရားမဌာနခွဲ-၃၊ ဌာနစု-၄၊**
**တရားရုံးချုပ်၊ ရန်ကုန်မြို့။**

## စလင်းမြို့နယ်အသင်း (ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ

စလင်းမြို့နယ်အသင်း (ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲကို ၂၀၀၉ခုနှစ် ဇူလိုင်လ ၂၆ရက် နံနက် ၉း၀၀နာရီတွင် ရန်ကုန်မြို့ရွှေတိဂုံဘုရားလမ်းရှိ ဆောက်လုပ်ရေးဓမ္မာရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။ စလင်းမြို့နယ်သူမြို့နယ်သားများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေနှင့်လှူဖွယ်ပစ္စည်းများကို ဦးဌေးကြွယ် ဖုန်း-၀၁-၅၁၀၃၁၇၊ ဦးကျော်နိုင် ဖုန်း-၀၁-၇၂၅၇၁၇၊ ဦးစန်းညိုအောင် ဖုန်း-၀၁-၆၈၁၂၃၀၊ ၀၁-၆၂၁၀၄၄၊ ဒေါ်ညိုညို ဖုန်း-၀၁-၆၆၅၆၂၇၊ ဒေါ်မေခင်ညွန့် ဖုန်း-၀၁-၅၅၇၄၆၅ နှင့် ဦးလင်းသက်မော် ဖုန်း-၀၉-၅၁-၁၇၂၉၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ယာဉ်အမှတ် မလမ/၅၃၆၁၆ ယာဉ်လက်ဝယ်ရှိသူ ဦးရဲထွန်းအောင် ၁၀/သထန (နိုင်)၁၂၁၃၄၂က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက် မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ (ခရိုင်ရုံး)၊ သထုံ။**

### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ယာဉ်အမှတ် မလမ/၅၃၃၄၅ ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ဝင်း ၁၀/သထန (နိုင်) ၁၃၂၁၃၂၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊(ခရိုင်ရုံး)၊ သထုံ။**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ-၁၇၊ မြေကွက်အမှတ်-၆၈၁(ခ)၊ မြေကွက်တည်နေရာအမှတ်-၆၈၁(ခ) အနော်ရထာလမ်း၊ ၂၀ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးရွှေမောင် ၁၂/အစန(နိုင်)၀၁၃၄၂၀ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်အစ်ကို ဦးရွှေမောင် (လူပျိုကြီးဘ၀ဖြင့်) ကွယ်လွန်သဖြင့် (၁) ဒေါ်ခင်လတ် ၁၂/အစန(နိုင်)၀၁၃၄၂၁ (၂) ဒေါ်သန်းသန်းမြင့် ၁၂/အစန(နိုင်) ၀၁၇၄၈၀ (၃) ဒေါ်တင်တင်ဝင်း ၁၂/အစန (နိုင်) ၀၁၃၄၂၅၊ (၄) ဒေါ်ခင်ခင်ဝင်း ၁၂/အစန (နိုင်)၀၁၃၃၈၉တို့က ညီမများ တော်စပ်ကြောင်း ကျမ်းကိုန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ။**

ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးလုပ်ငန်းဖြစ်သော အနော်ရထာတံတားချဉ်းကပ်လမ်း ရေပန်းအဝိုင်းနှင့် မြေယာရှုခင်းအလှပြုပြင်ခြင်း လုပ်ငန်းကို ဇူလိုင် ၁၄ရက်က မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးသန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မိုးသွင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

## ဟိုပန်တွင် စေတနာတံတားဆောက်လုပ်လှူဒါန်း

ဟိုပန် ဇူလိုင် ၁၂

**ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံခရိုင် ဟိုပန်မြို့နယ် ကောင်းဟုန်းရပ်ကွက်နှင့် ဈေးရပ်ကွက်ကြား နမ့်ဆောင်ချောင်းကူးစေတနာတံတားဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၉ရက် နံနက် ၉နာရီက ယင်းတံတားပေါ်၌ ကျင်းပသည်။**

**စေတနာတံတား**

အဆိုပါတံတားကို ကောင်းဟုန်းရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအိုက်ယီနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖ ဦးစိုင်းလှဖေတို့ ဦးစီးကာ ရပ်နီးရပ်ဝေး စေတနာရှင်များ စုပေါင်းဆောက်လုပ်လှူဒါန်းသည့် အလျား ပေ၉၀၊အကျယ်ခြောက်ပေ၊ အမြင့် ၁၂ ပေနှင့် အုတ်တိုင်ခြောက်တိုင်ပါဝင်သော ကွန်ကရစ်တံတားအမျိုးအစားဖြစ်သည်။

ယင်းတံတားအား စုစုပေါင်းကုန်ကျငွေကျပ် ၃၆၂၉၃၆၀ ဖြင့် အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

## စလင်းမြို့နယ်စည်ပင်သာယာ ပန်းအလှပင်များပြုပြင်

**စလင်း ဇူလိုင် ၂၀**

စလင်းမြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦး ဦးဆောင်၍ ဇွန် ၂၆ရက်က စလင်း-ပွင့်ဖြူ ကားလမ်းဘေးဝဲယာတစ်လျှောက်တွင် မြက်ဖြတ်ခြင်း၊ ပန်းအလှပင်များပြုပြင်ခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် အပတ်စဉ် စီမံချက်ချ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

## မြို့နယ် သတင်းများ

ဘုတ်ပြင်းမြို့နယ် ဌာနဆိုင်ရာများစုပေါင်း၍ အောင်တော်မူဘုရား အတက်လမ်း ထိပ်မှစ၍ ရေနုတ်မြောင်းအသစ်တူးဖော်မှုကို ဇူလိုင် ၇ရက်က အမှုဆောင်အရာရှိ ဦးစိုးမြင့် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (ခရိုင် ပြန်/ဆက်)

## စာကြည့်တိုက်များ ရှင်သန်ခိုင်မာဖွံ့ဖြိုးရေး ကန်ပက်လက်မြို့၌ ဟောပြောဆွေးနွေး

**ကန်ပက်လက် ဇူလိုင် ၁၀**

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ခိုင်မာရှင်သန် ဖွံ့ဖြိုးတိုးတက်ရေးဟောပြောပွဲကို ကန်ပက်လက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဇွန် ၃၀ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသန့်စင်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးလိန်းကီးက စာကြည့်တိုက်များ ရှင်သန်ခိုင်မာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကိုလည်းကောင်း၊စာကြည့်တိုက်လက်ထောက်-၃ ဦးချွဲကီးက စာအုပ်စာစောင်များ ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်းကောင်း ဟောပြောဆွေးနွေးကြသည်။**(မြို့နယ်ပြန်/ဆက်)**

ရွှေတောင်မြို့နယ်စည်ပင်သာယာရေး အဖွဲ့၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အတွင်း ရွှေတောင်-ရွှေနတ်တောင် ကတ္တရာလမ်း ၄မိုင်×၁၂ပေ ပြန်လည်ပြုပြင်နေမှုကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်လျက် ရှိရာ ဇွန်၃၀ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်စိုးနိုင်တို့က လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်း တင်ပြစဉ်။

(မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

# ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

## မုန်တိုင်းသတင်း

နေပြည်တော် ဇူလိုင် ၂၁

ယမန်နေ့ညသန်းခေါင်ယံ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေနှင့် အနောက်ဘင်္ဂါလီ ကမ်းခြေကြားမှ ကုန်းတွင်းပိုင်းသို့ ဖြတ်ကျော် ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

## ပဲခူးတိုင်း မိုးစပါးစိုက်ပျိုးပြီးစီးမှု

ရန်ကုန် ဇူလိုင် ၂၁

ပဲခူးတိုင်း၌ ဇူလိုင် ၂၁ရက်အထိ မိုးစပါး ၂၅၂၉၅၃၄ ဧက စိုက်ပျိုးပြီးစီးကြောင်းနှင့် မိုးစပါးလျာထားချက် ပြည့်မီရေးအတွက် ဆက်လက်စိုက်ပျိုးဆဲဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ၂၁ ရာစု၏ အချိန်အကြာဆုံးနေကြတ်မှု ဇူလိုင် ၂၂ ရက် (ယနေ့) မြင်တွေ့ကြရမည်

ဘာသာပြန်သတင်းမှတ်စု - မိုးမြင့်လင်းလက်

*၂၁ရာစု၏ အချိန်အကြာဆုံး နေကြတ်မှုကို ဇူလိုင် ၂၂ရက် (ယနေ့)၌ မြင်တွေ့ရမည်ဖြစ်သော်လည်း ရာသီဥတုအခြေအနေဆိုးရွားပါက မြင်တွေ့ရန် ခက်ခဲမည်ဖြစ်ကြောင်း တရုတ်အာကာသသိပ္ပံပညာရှင်များက ပြောကြားသည်။*

*မြင်တွေ့ရမည်*

*ရာသီဥတုကောင်းမွန်ပါက ယင်းနေကြတ်မှုကို တရုတ်၊ အိန္ဒိယ၊ နီပေါ၊ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်နှင့် ပစိဖိတ်ကျွန်းစုအချို့မှ ထင်ရှားစွာ မြင်တွေ့ကြရမည်ဖြစ်သည်။*

*စာမျက်နှာ ၉ ကော်လံ ၄* ❐

အထပ်သားပြုလုပ်မည့် သစ်မာသစ်လုံးများ ဆွာအထပ်သားစက်ရုံဝင်းအတွင်း ဤသို့ သိုလှောင်ထားရှိသည်။
ဓာတ်ပုံမှတ်တမ်း-အောင်သန်း (မင်္ဂလာတောင်ညွန့်)

## မြင်ကွင်းအဖုံဖုံ ဆွာအထပ်သားစက်ရုံ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ - အောင်သန်း(မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု - တိုးလွင် (မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၂၁

အထပ်သားကား လူသုံးများလာသည်။ နေအိမ်နှင့် အဆောက်အအုံများတွင် မပါမဖြစ် အသုံးပြုရသည်။ အသုံးများသော အထပ်သားထုတ်လုပ်ရာ ဆွာအထပ်သားစက်ရုံသို့ မကြာမီရက်ပိုင်းက လေ့လာရေးသွားရောက်ခဲ့သည်။

*စာမျက်နှာ ၁၀ ကော်လံ ၁* ●

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ငြိမ်းချမ်းမှ တည်ငြိမ်မည်။ တည်ငြိမ်မှ လုံခြုံမည်။ လုံခြုံမှ တည်ဆောက်ထူထောင်ရေးများ အားစိုက်ခွန်စိုက် လုပ်ဆောင်နိုင်ကြမည်။ အကောင်အထည်ပေါ်ကြမည်။ ဤအခါတွင် ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေး ဘဝများလည်း ရေမြင့် ကြာတင့် တိုးတက်ဖွံ့ဖြိုးလာကြမည်။

ချစ်နိုင်(စိတ်ပညာ)၏ ဆောင်းပါး စာ ၈ နှင့် ၉

**နေရာကွက်ကျား မိုးရွာမည်**

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။